# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 9 September 2024 ၁၁၅၇၅


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကိုရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပွင့်ဖြူမြို့နယ်၌ နှမ်းစိုက်ခင်းရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေစားသုံးသီးနှံများ စသည့် မိုးသီးနှံစုံစိုက်ဧက ၁၁၁၀၂၂ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအခါ ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့သော မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှစတင်၍ သိမ်းဆည်းရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

# ဖြူးမြို့နယ်၌ ဒူးရင်းသီးဈေးကွက် စတင်ပေါ်သည့်ကာလထက် အသီးပါးချိန်ကာလတွင် ပိုမိုဈေးကောင်းပြီး အဝယ်လိုက်လျက်ရှိ



ဖြူး စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ရောင်းချနေသည့် ဒူးရင်းသီးဈေးကွက်မှာ ယခင်နှစ်များထက် ဈေးကောင်းပေးဝယ်ရသော်လည်း အဝယ်လိုက်နေလျက်ရှိပြီး စတင်ပေါ်သည့်ကာလထက် အသီးပါးချိန်နီးလာသည်နှင့် ပိုမိုဈေးကောင်းနေလျက်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ်တွင် ဒူးရင်းသီးပေါ်ချိန်ရာသီကာလတွင် ရောင်းချသည့် ဒူးရင်းသီးဆိုင်များမှာ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေးတွင် ရောင်းချမှုများပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂


**ယနေ့** ဖတ်စရာ

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၆၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၂

## ပြည်သူ့အကျိုးဖြည့်ဆည်းဖို့ သန်းခေါင်စာရင်းကောက်ကြစို့

ဆောင်းပါး စာမျက်နှာ » ၆

## ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါသည်

ဆောင်းပါး စာမျက်နှာ » ၁၆



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၁ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# တပ်မတော်နှင့်ပြည်သူလက်တွဲ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုဖော်ဆောင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်း PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ဒေသခံတိုင်းရင်းသားပြည်သူများနေထိုင်ရာ မြို့ရွာရပ်ကွက်များတွင် အများပြည်သူအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ တပ်မတော်က အကြမ်းဖက်သမားများကို ရှင်းလင်းဖယ်ရှားပြီး ပြန်လည်ပြုပြင်တည်ဆောက်မှုများကို စက်တင်ဘာလ ၄ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သည်။ အဆိုပါဒေသတွင် ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာလုပ်ကိုင်နေထိုင်စားသောက်လျက်ရှိသည်။ သို့သော် အစဉ်အဆက်တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာနေထိုင်ခဲ့ကြသော ပအိုဝ်းတိုင်းရင်းသားတို့၏ ဒေသကို PNLO အကြမ်းဖက်အဖွဲ့က အခွင့်ကောင်းတစ်ခုအဖြစ်မျှော်မှန်းပြီး ကျူးလွန်ခဲ့သည့် မိုက်မဲသည့်လုပ်ရပ်ကြောင့် မြို့ရွာများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ PNLO အကြမ်းဖက်အဖွဲ့သည် KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ မြောက်ပင့်စည်းရုံးမှုကြောင့် ဒေသအတွင်း အာဏာတည်ဆောက်နိုင်ရေး၊ အကြမ်းဖက်အုပ်ချုပ်ရေးအတွက် လူမျိုးတူပအိုဝ်းတိုင်းရင်းသားတို့အပေါ် စာနာမှုကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်ခဲ့သောကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးပျက်ပြားခဲ့ရသည်။

ထို့ကြောင့် PNLO အကြမ်းဖက်အဖွဲ့၏ မိမိလူမျိုးအချင်းချင်းအပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မည်သို့မျှလက်ခံနိုင်ခြင်းမရှိသဖြင့် ပတ်ဝန်းကျင်ရှိကျေးရွာများမှ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ရွာလုံးကျွတ်နီးပါးအင်အားစုစည်း၍ တပ်မတော်၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲပြီး အကြမ်းဖက်အပေါင်းပါအဖွဲ့များ၏လက်မှ ဆီဆိုင်ဒေသကို အမြန်ဆုံးပြန်လည်ရယူ ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများလည်း မူရင်းဒေသသို့ပြန်လည်ဝင်ရောက်ပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

"ဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်မှာ ဒေသခံပြည်သူများသာဖြစ်သကဲ့သို့ ဒေသမတည်ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျအောင် ဆောင်ရွက်သည်မှာလည်း ဒေသခံပြည်သူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသအကျိုးကို အမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ်ပွင့်လင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်မှစတင်၍ လွိုင်ကော်ဒေသအတွင်း တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် လွိုင်ကော်ဒေသတွင် တိုက်ပွဲများ တစ်ချိန်တည်းဖြစ်ပေါ်ခဲ့သည်။ ဆက်လက်၍လည်း ရခိုင်ပြည်နယ်နှင့် အချို့ဒေသများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ တပ်မတော်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များပါ သောင်းကျန်းသူများကို ကြံ့ကြံ့ခံပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ဒိုတာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများ မြို့ရွာများသို့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် စဉ်ဆက်မပြတ် စွန့်လွှတ်စွန့်စားကာကွယ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ သောင်းကျန်းသူအဖျက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးရသည့် မြို့များအပါအဝင် ပတ်ဝန်းကျင်ရှိကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့က တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရပ်တန့်နေ၍မရဘဲ ရှေ့သို့အဆက်မပြတ် ဆက်လက်လှမ်းချီနေလျက်ရှိသည်။ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၆၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘေးကင်းပြည့်စုံရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဘေးကင်းပြည့်စုံရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို သာကေတမြို့နယ် အနော်မာလမ်းရှိအသင်းရုံးဆိုင်ခန်းအပေါ်ထပ်၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် သမဝါယမအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာများအား အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းသည်။ ယင်းနောက် သာကေတမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးသက်နိုင်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းစုပြည်နယ် လျန်ယွင်ကန်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြပြီး အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပသည့် အစည်းအဝေးများကို တက်ရောက်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဗိုလ်ချုပ် မင်းသူတို့ ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Wattay အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းဖြင့် ပြန်လည်ထွက်ခွာကြသည်။




မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကို၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် ခင်မောင်စိုးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစုံစိုက်ဧက ၁၁၁၀၂၂ ဧက စိုက်ပျိုးထားရှိပါတယ်။ အဲဒီမိုးသီးနှံတွေထဲမှာ ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့တဲ့ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ကုလားပဲ တိရစ္ဆာန်အစာ၊ အခြားစားသုံးသီးနှံတွေကို ဇူလိုင်လကုန်ပိုင်းကစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ဒီနေ့ထိ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီး သွားပြီဖြစ်ပါတယ်။ မိုးသီးနှံတွေ အထွက်နှုန်းအနေနဲ့ကတော့ မြေပဲတစ်ဧက ၅၄ ဒသမ ၃၂ တင်း၊ နှမ်းတစ်ဧက ၈ ဒသမ ၁၂ တင်း၊ ပဲတီစိမ်းတစ်ဧက ၁၉ ဒသမ ၃၂ တင်း၊ ကုလားပဲ တိရစ္ဆာန်အစာမှာ တစ်ဧက ၂၃၃၀ ထုံး၊ အခြားစားသုံးသီးနှံတွေဖြစ်တဲ့ ဟင်းသီးဟင်းရွက် တစ်ဧက ပိဿာ ၃၅၂၀၊ အုန်းတစ်ဧက ၄၁၆၂ ခိုင်၊ ငှက်ပျောတစ်ဧက ၁၄၃၂ ခိုင်၊ သစ်သီးပင်တစ်ဧက ၁၄၆၅၈ လုံး စိုက်ပျိုးထွက်ရှိခဲ့ပါတယ်။ မိုးသီးနှံတွေ သိမ်းဆည်းရိတ်သိမ်းမှုနဲ့ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုတွေ မဖြစ်စေရေးအတွက် စနစ်တကျသိမ်းဆည်းကြဖို့ ဒေသခံတောင်သူတွေကို အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာတွေနဲ့ အမိုးအကာအောက် စနစ်တကျသိမ်းဆည်းနည်းစနစ်တွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

အဆိုပါ မိုးသီးနှံစုံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲ ၃၅၂ ဧက၊ နှမ်း ဧက ၈၅၂၀၊ ပဲတီစိမ်း ဧက ၁၉၄၀၊ ကုလားပဲ တိရစ္ဆာန်အစာ ဧက ၆၂၀၊ အခြားစားသုံးသီးနှံ ၆၄၄ ဧက စုစုပေါင်း ၁၂၀၇၆ ဧက ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

သက်ရှိကမ္ဘာရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဥပ္ပါတသန္တိစေတီတော်ပထမဖောင်းရစ် ရွှေသင်္ကန်းကပ်လှူခြင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ကပ်လှူခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ ဦးကြည်လွင်က ၂၀၁၄ ခုနှစ်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တတိယဖောင်းရစ်နှင့် ၂၀၁၉ ခုနှစ်တွင် ဒုတိယဖောင်းရစ်တို့ကို ရဟန်းရှင်လူ ပြည်သူအများ၏ လှူဒါန်းမှုဖြင့် ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းခဲ့မှု၊ ၂၀၂၄ ခုနှစ်တွင် ပထမဖောင်းရစ်ဧရိယာရှိ ၃၅၅၆ ဒသမ ၇၂ စတုရန်းပေကို တစ်ပေပတ်လည် ရွှေစင်ရွှေပြား ၃၆၅၉ ချပ်ကို ရဟန်းရှင်လူပြည်သူအများ၏ လှူဒါန်းမှုဖြင့် ကပ်လှူခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်ကြီးကိုယ်လုံးထည် အချို့နေရာများ၌ ဆေးကွာနေမှုများဖြစ်ပေါ်နေသဖြင့် ရွှေဆေးများသုတ်ရန်လိုကြောင်း၊ ငြမ်းရှိနေစဉ် စေတီတော်မြတ်ကြီး၏ ကြံ့ခိုင်မှုများကို ဂေါပကအဖွဲ့အနေဖြင့် ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များဖြင့် စစ်ဆေးရန်၊ ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို မတ် ၁၃ ရက်က ကျင်းပခဲ့ရာ အလှူရှင် ၃၂၁ ဦးက ရွှေစင်ရွှေပြား ၆၆၈ ချပ်ကို လှူဒါန်းခဲ့ကြောင်း၊ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပခဲ့ပြီး အလှူရှင် ၇၂ ဦးက ရွှေစင်ရွှေပြား အချပ် ၁၉၀ ကို လှူဒါန်းခဲ့ကြောင်း၊ စက်တင်ဘာ ဒုတိယပတ်တွင် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကို ကျင်းပမည်ဖြစ်သဖြင့် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## စေတုတ္တရာမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စေတုတ္တရာ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က စေတုတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက် ဆေးရုံကုန်း ဘုရားသုံးဆူစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် စေတုတ္တရာ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး မျိုးအောင်ထွန်း၊ စခန်းမှူး ဒုတိယရဲမှူးမျိုးလွင်တို့က ကြီးကြပ်၍ တပ်ဖွဲ့ဝင် ၂၀ တို့က ဘုရားသုံးဆူစေတီဝင်းအတွင်း၊ အပြင်ရှိမြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားစေတီ အနီးအနားရှိ အမှိုက်သရိုက်များကို ကောက်ယူခြင်း၊ တံမြက်စည်းလှဲခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်တုန်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈ နာရီက အမှတ် (၇)ရပ်ကွက်ရှိ မိုးဟုတ်စေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်း၊ မြို့မစခန်းမှူး ဒုတိယရဲမှူးညီညီနှင့် သတင်းရဲတပ်ဖွဲ့မှ ရဲအုပ် ဇော်မျိုးလတ်တို့က ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း အင်အား ၅၀ ဖြင့် မိုးဟုတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် ဘုရားဝင်းအတွင်း တံမြက်စည်းလှဲခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၀၅၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၇) ရပ်ကွက် ဦးရွှေဂွန်းလမ်း ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန်ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



---

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၇) အနောက်ရပ်ကွက် မြင်တော်သာလမ်းရှိ ဇိနမာရ်အောင်ဘုရား ပရဝဏ်အတွင်း စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၃၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး အောင်ဇော်ထွန်းဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ ၀၃၁



**❂ ဖြူးမြို့နယ်မှ**

ရောင်းချသည့်အသီးများမှာ အများအားဖြင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ ဖြူးမြို့နယ်၏ အရှေ့ဘက် စစ်တောင်းမြစ်တစ်ဖက်ကမ်း မုန်းနှင့် ကျောက်ကြီးပေါက်စသည့် ဒေသထွက်အသီးများအား ဒူးရင်းသီးထွက်ရှိချိန် မေလပိုင်းမှ စတင်ကာ အောက်တိုဘာလအထိ မှာယူပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

“ဈေးနှုန်းကတော့ ဒူးရင်းသီးထွက်ရှိတဲ့အချိန်ကဆိုရင် အနိမ့်ဆုံးဈေး အလုံးငယ်တစ်လုံး ငွေကျပ် ၅၀၀၀၊ အမြင့်ဆုံးဈေး အလုံးကြီးတစ်လုံး ငွေကျပ် ၂၅၀၀၀ အထိ အရွယ်အစားအလုံးတွေပဲ ကွဲနိမတို့ မှာယူရောင်းပါတယ်။ ၁၀ လပိုင်းလဝက်လောက်ဆို အသီးတုံးပါပြီ။ အခုထိတော့ ဈေးနှုန်းက ပိုကောင်းနေပါတယ်” ဟု ဒူးရင်းသီး ရောင်းချသူတစ်ဦးဖြစ်သည့် ဒေါ်နွဲ့က ပြောသည်။

ဒူးရင်းသီးဈေးကွက်အရ ထိုထက်ဈေးမြင့်သည်များလည်းရှိပြီး ဖြူးဒေသအတွင်း ရောင်းချသည့် ဒူးရင်းသီးများအား အများဆုံးဝယ်ယူသူများမှာ အခြားဒေသများမှ ဆိုင်ကယ်များ၊ ကိုယ်ပိုင်ကားများ၊ ခရီးသည်တင်ယာဉ်များဖြင့် လမ်းကြုံဝယ်ယူသူ ပိုမိုများပြားပြီး ကျောက်ပန်းတောင်း၊ တောင်ကြီး၊ လားရှိုးမြို့များသို့လည်း တင်ပို့ရောင်းချပေးရကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဂုဏ်ပြုသီဆို**

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ကမ္ဘာပေါ်တွင်ရှိသည့် လူတိုင်း စာတတ်မြောက်စေရန် တွန်းအားပေးသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို “နိုင်ငံတကာ စာတတ်မြောက်ရေးနေ့” အဖြစ် သတ်မှတ်ထားကြောင်း၊ ၁၉၆၆ ခုနှစ်မှစတင်၍ ယူနက်စကိုအဖွဲ့က ဦးဆောင်လျက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင်လည်း ယူနက်စကိုအဖွဲ့ကြီးအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နှိုးဆော်မှုဖြင့် နိုင်ငံသူနိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ စာတတ်မြောက်လာသူများ ဖြစ်လာအောင် တွန်းအားတစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်ခဲ့သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့မှုသည် မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကို ကမ္ဘာက အသိအမှတ်ပြုခဲ့သည့် အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ကဏ္ဍသုံးရပ်တွင် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဦးတည်ချက်များအနက် လူမှုရေးကဏ္ဍတွင် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး” ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ပညာရေးမှာ လူတိုင်းတက်ရောက်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education) ကဏ္ဍအပြင် ကျောင်းပြင်ပပညာရေး(Non–Formal Education)ကဏ္ဍဖြင့်ပါ ဆောင်ရွက်လျက်ရှိကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **“အပြန်အလှန် နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန် လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့” “Promoting multilingual education: Literacy for mutual understanding and peace”** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများရရှိရုံသာမက မိမိတို့၏နိုင်ငံတွင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**လျှော့ချနိုင်မည်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စာမတတ်သူဦးရေ လျှော့ချနိုင်ရေးအတွက် စာတတ်မြောက်အောင် သင်ကြားပေးခြင်းဖြင့် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေကို နှစ်အလိုက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လူနေမှုဘဝမြင့်မားရေးတို့အတွက် အသိပညာပေးခြင်းအစီအစဉ် သုံးခုပါဝင်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ၊ ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်က ဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး” သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့၌ကျင်းပသည့် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား တက်ရောက်

**ပုသိမ် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



**ဂုဏ်ပြုသီဆိုဖွင့်လှစ်**

ဦးစွာ အခမ်းအနားကို ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဒို့အင် ဒို့အား” သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပညာရေးမှူးက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုများချီးမြှင့်သည်။

ယင်းနောက် ပုသိမ်မြို့ အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “အနာဂတ်ရဲ့ အိမ်ရှင်” သီချင်းဖြင့်လည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စလုံးရေးချစာ” သီချင်းဖြင့် လည်းကောင်း တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပုသိမ်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး” သီချင်းဖြင့် သီဆိုဂုဏ်ပြုနှုတ်ဆက်၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ၂၀၂၄ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှု ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို ယနေ့တွင် ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကျိုင်းတုံခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ဖတ်ကြားသည်။

ထို့နောက် စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကလစ်ကို အခမ်းအနားတက်ရောက်လာကြသူများအား ပြသပြီး ကျောင်းသား ကျောင်းသူများက “စာတတ်မြောက်ရေး ဝိုင်းကူပေး” သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



ကြေးမုံ



# ပြည်သူ့အကျိုးဖြည့်ဆည်းဖို့ သန်းခေါင်စာရင်းကောက်ကြစို့

**ညွှန့်ဝင်း(နတ်တလင်း)**

နိုင်ငံတစ်နိုင်ငံတွင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ နိုင်ငံအတွင်းရှိ လူဦးရေ၏ အချက်အလက်အရင်းအမြစ်တို့အပေါ် မူတည်ဆောင်ရွက်ရသည်။ နိုင်ငံအတွင်းရှိ လူဦးရေအားလုံး၏ အသက်အရွယ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင်၊ ယောကျ်ား၊ မိန်းမ စသည့်စာရင်းအင်း အချက်အလက်များကို တိကျမှန်ကန်စွာသိရှိနိုင်မှသာ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို စနစ်တကျ တွက်ချက်ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် လူဦးရေအားလုံး၏ စာရင်းအင်း အချက်အလက်များကို အသေးစိတ်ကောက်ယူမှတ်တမ်းပြုစုရသည့် လုပ်ငန်းသည် အလေးထားလုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပါသည်။ ထိုသို့ လူဦးရေအားလုံး၏ စာရင်းအင်းအချက်အလက်များ ကောက်ယူသည့်လုပ်ငန်းကို သန်းခေါင်စာရင်းကောက်ယူခြင်းဟု ခေါ်သည်။ သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ် ကောက်ယူ ဆောင်ရွက်ရသည်ဖြစ်ရာ သန်းခေါင်စာရင်းဟူသော ဝေါဟာရသည် ၁၀ နှစ်တစ်ကြိမ် လူဦးရေ ရေတွက်ခြင်းသို့မဟုတ် လူဦးရေစာရင်းကောက်ယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေသည်။



### မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ သန်းခေါင်စာရင်းကောက်ယူ

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် ယခုမှလုပ်ကိုင်သည့် လုပ်ငန်းသစ်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများ လက်ထက်မှစ၍ လူဦးရေစစ်တမ်းအသွင်ဖြင့် ကောက်ယူခဲ့ကြသည်။ ကိုလိုနီခေတ် ဗြိတိသျှအစိုးရလက်ထက် ၁၈၇၂ ခုနှစ်တွင် အောက်မြန်မာနိုင်ငံကို သန်းခေါင်စာရင်းကောက်ယူခဲ့သည်ဟု သိရပါသည်။ ၁၈၇၂ ခုနှစ်ညသန်းခေါင်အချိန်မှစ၍ ကောက်ခံခဲ့သည်ကို အကြောင်းပြုပြီး သန်းခေါင်စာရင်းဟု ခေါ်တွင်ခဲ့သည်။ ထို့နောက် ၁၈၈၁ ခုနှစ်တွင် တစ်ကြိမ်ထပ်မံကောက်ခံခဲ့ပြီး ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝရောက်ပြီးနောက် ဗြိတိသျှအစိုးရက ၁၉၉၁ ခုနှစ်တွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ဗြိတိသျှတို့ သန်းခေါင်စာရင်းကောက်ယူခဲ့သော ရည်ရွယ်ချက်မှာ စစ်မှုထမ်းနိုင်သည့် အသက်အရွယ်အပိုင်းအခြား၊ လူဦးရေ၊ အခွန်တော်ငွေ ရရှိနိုင်မှုနှင့် အခြားအကျိုးအမြတ် အဆီအနှစ် ရရှိနိုင်မှုတို့ကို တွက်ချက်နိုင်ရန်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များကို စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဖြည့်ဆည်းနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကောက်ယူလာခဲ့ခြင်းဖြစ်သည်။

### ၁၉၅၃ ခုနှစ်က မြို့ပေါင်း ၂၅၂ မြို့သာ ကောက်ယူနိုင်ခဲ့

လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းကို ၁၉၅၁ ခုနှစ်တွင် ကောက်ယူရန် ဆောင်ရွက်ခဲ့သော်လည်း ပြည်တွင်းသောင်းကျန်းမှု အနှောင့်အယှက်များကြောင့် မအောင်မြင်ခဲ့ဘဲ ၁၉၅၃ ခုနှစ်ရောက်မှသာ ကောက်ယူနိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်က ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာ မြို့ပေါင်း ၂၅၂ မြို့သာ ကောက်ယူနိုင်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်းသာ ကောက်ယူစာရင်းပြုစုနိုင်ခဲ့ခြင်းဖြစ်သည်။ ကျန်ရှိနေသော မြို့နယ်များရှိ နယ်မြေများကို ၁၉၅၅ ခုနှစ်တွင် ဆက်လက်ကောက်ယူရန် ကြိုးစားခဲ့သော်လည်း နိုင်ငံမတည်ငြိမ်မှုကြောင့် မကောက်ခံခဲ့ရပေ။ တစ်ဖန် ၁၉၅၇ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူမှုကို နမူနာလူဦးရေသန်းခေါင်စာရင်းသာ ကောက်ယူနိုင်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း နိုင်ငံရေးအခြေအနေ မတည်ငြိမ်၍ အထမမြောက်ခဲ့ပေ။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်း ၁၉၆၄ ခုနှစ်တွင် ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာန၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် သန်းခေါင်စာရင်းဌာနတို့ပူးပေါင်းပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကူညီမှုဖြင့် လူဦးရေနှင့်စီးပွားရေးစစ်တမ်းကို ကောက်ယူနိုင်ခဲ့သည်။ ထို့ကြောင့် သန်းခေါင်စာရင်းကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်အောင်မြင်မြင် ကောက်ခံနိုင်ရေးအတွက် နိုင်ငံအတွင်း အေးချမ်းတည်ငြိမ်မှုရှိရန် လိုအပ်သကဲ့သို့ ပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။

မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် ၁၉၇၂ ခုနှစ်၌ သန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်း၍ ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ စာရင်းကောက်ယူခဲ့သည်။ သန်းခေါင်စာရင်းကို အပြည့်ကောက်သန်းခေါင်စာရင်း၊ နမူနာလူဦးရေသန်းခေါင်စာရင်း၊ နမူနာအိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စက်မှုလက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစက်မှုလက်မှု သန်းခေါင်စာရင်း၊ အိမ်တွင်းစားသုံးကုန် ထုတ်လုပ်မှု သန်းခေါင်စာရင်း၊ စိုက်ပျိုးရေးသန်းခေါင်စာရင်းစသည်ဖြင့် သန်းခေါင်စာရင်းကောက်ယူမှုအလိုက် အမျိုးအစား အမျိုးမျိုးကွဲပြားပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက် ၁၉၇၃ ခုနှစ်တွင် ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာ အပြည့်ကောက် လူဦးရေသန်းခေါင်စာရင်းဖြစ်ပါသည်။ ထိုသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကောက်ခံနိုင်ခဲ့သော အပြည့်ကောက် လူဦးရေသန်းခေါင်စာရင်းဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ကောက်ခံခဲ့သော သန်းခေါင်စာရင်းသည် ၁၉၇၄ ခုနှစ်တွင်ပြည်သူသို့အာဏာအပ်နှင်းနိုင်ရန်အတွက် အဆင့်ဆင့်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်၊ ပြည်သူ့မဲဆန္ဒရှင်စာရင်းပြုစုနိုင်ရန်နှင့် လူမှုရေး၊ စီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။

### မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အကောင်းဆုံးနှင့် အပြည့်စုံဆုံး သန်းခေါင်စာရင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် သန်းခေါင်စာရင်းကောက်ယူနိုင်မှု အခြေအနေကို ပြန်ကြည့်လျှင် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့ကြောင်း တွေ့ရသည်။ ဤတွင် ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဒုတိယအကြိမ် တစ်နိုင်ငံလုံးသန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့ဘဲ ၂၀၁၄ ခုနှစ်ရောက်မှ တတိယအကြိမ် ကောက်ယူနိုင်ခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူခဲ့မှုများတွင် ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူနိုင်ခဲ့ခြင်းသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် အကောင်းဆုံးနှင့် အပြည့်စုံဆုံး သန်းခေါင်စာရင်း ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သော သန်းခေါင်စာရင်း အချက်အလက်များအရ လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစစ်တမ်း၊ လုပ်သားအင်အားစု စစ်တမ်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ မွေးဖွားဦးရေ၊ သေဆုံးနှင့် ကျန်ဦးရေ၊ ရွှေ့ပြောင်းသွားလာသူဦးရေ၊ အိမ်အကြောင်းအရာ စသည်တို့ကို ပြည့်ပြည့်စုံစုံကောက်ယူနိုင်ခဲ့သည်။

ကျွန်တော်တို့နိုင်ငံတွင် လူဦးရေနှင့် ၎င်းတို့နှင့်စပ်ဆိုင်သော အကြောင်းအရာ အချက်အလက်တို့သည် အမြဲပြောင်းလဲနေရာ ၂၀၂၄ ခုနှစ်တွင် ၁၀ နှစ်ကြာ ပြောင်းလဲမှုများ၏ စာရင်းသစ်အချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူစာရင်းပြုစုရန် လိုအပ်လာပြီဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို စာရင်းကောက်ယူ မှတ်တမ်းတင်တော့မည်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ကောက်ယူနိုင်မှသာ ပြည်သူများအတွက် လိုအပ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကိုစာရင်းကောက်ယူရာတွင် ပြည့်စုံမှန်ကန်ရေးအတွက် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ လူဦးရေကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှသာ ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲအတွက် တိကျမှန်ကန်သော မဲဆန္ဒရှင်ဦးရေစာရင်းကိုလည်း ပြုစုနိုင်မည်ဖြစ်သည်။ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ မှန်ကန်ပြည့်စုံသော သန်းခေါင်စာရင်း အချက်အလက်များရရှိစေရန် တာဝန်သိသိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများကို နိုင်ငံတော်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုကာလ လျာထားသတ်မှတ်၍ ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ လုပ်ငန်းဆန်းစစ်လေ့လာခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းဟူသော လုပ်ငန်းစဉ် (၄) ရပ်ကို အဆင့်ဆင့် ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံအေးချမ်းတည်ငြိမ်မှု၊ သက်ဆိုင်ရာဌာနများနှင့် အများပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်ပါသည်။ **စာမျက်နှာ ၇ သို့** ☆

> **ကျွန်တော်တို့နိုင်ငံတွင် လူဦးရေနှင့် ၎င်းတို့နှင့်စပ်ဆိုင်သော အကြောင်းအရာအချက်အလက်တို့သည် အမြဲပြောင်းလဲနေရာ ၂၀၂၄ ခုနှစ်တွင် ၁၀ နှစ်ကြာပြောင်းလဲမှုများ၏ စာရင်းသစ်အချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူစာရင်းပြုစုရန် လိုအပ်လာပြီဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို စာရင်းကောက်ယူ မှတ်တမ်းတင်တော့မည် ဖြစ်သည်။ တစ်နိုင်ငံလုံးရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများကို တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံကောက်ယူနိုင်မှသာ ပြည်သူများအတွက်လိုအပ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## မြန်မာဗျည်းအက္ခရာများ

(၂-၉-၂၀၂၄ ရက်နေ့မှအဆက်)

ဗ

**ဗ / ဗဒွက်(လ)ချိုက် /**

ဗ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်သုံးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဗထက်ခြိုက်ဟုခေါ်သည်။ ဗထက်ခြိုက်အက္ခရာ၏ အထက်ဘက်တွင် အခြိုက်ပါသဖြင့် ဗထက်ခြိုက်ဟု ခေါ်ခြင်းဖြစ်သည်။ အက္ခရာ၏ အောက်ဘက်တွင် အခြိုက်ပါသဖြင့် ဓအောက်ခြိုက်ဟုခေါ်သော အက္ခရာရှိကြောင်းလည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဗထက်ချိုက်ဟု ပင့်လျက်ရေးသည်။ ဝဏ္ဏဗောဓနေသတ် အင်း၊ ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံ၊ ရတနာကြေးမုံသတ်ပုံတို့ကို အလေးဂရုပြု၍ ရရစ်ခြိုက်ဖြင့် ဗထက်ခြိုက်ဟု ပြဋ္ဌာန်းခဲ့ကြခြင်းဖြစ်မည်။ မြန်မာဘာသာတွင် ဗထက်ခြိုက်ရောဘကုန်းပါ အနက်မရှိသောဗျည်းများဖြစ်သည်။ ဗထက်ခြိုက် ဗ နှင့် ဘကုန်း ဘ ကို အသံခွဲ၍ မရွတ်ဆိုနိုင်သဖြင့် အသံဖြင့်မခွဲ အခေါ်အဝေါ်အမည်ဖြင့်ခွဲကာ ဗျည်းအက္ခရာတစ်လုံးကို အထက်တွင် အခြိုက်ပါသောဗ - ဗထက်ခြိုက်၊ ဗျည်းတစ်လုံးသည် ကုန်းနေသော ဘ - ဘကုန်းဟု အမည်ပေးခဲ့ကြသည်။ ဗထက်ခြိုက်သည် ပဝဂ်အက္ခရာငါးလုံးတွင် တတိယဗျည်းဖြစ်သဖြင့် တတိယက္ခရာဟုဆိုသည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ သံပြင်းသံလျော့လည်းဆိုကြသည်။ ပါဠိဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာ၊ မြန်မာဘာသာတွင်လည်း ဩဋ္ဌဇအက္ခရာဖြစ်သည်။ နှုတ်ခမ်းဌာန်ဖြစ်အက္ခရာဟုဆိုလိုသည်။ဃောသသိထိလဗျည်းဖြစ်သည်။ ဗထက်ခြိုက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဗထက်ခြိုက် (ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဗထက်ချိုက်ဟုရေးသည်။) အက္ခရာ၌ကား အချို့သောသူတို့သည် ဗလုံး ဟူ၍ ခေါ်ဝေါ်ကြ၏။ ထိုသို့ ခေါ်ဝေါ်ခြင်းသည်ကား ဝအက္ခရာကဲ့သို့အလုံးတွင် အထက်အဖို့ အတန်ငယ် နိမ့်ညွတ်ရှိုက်ဝင်၍ ရေးကာမျှသာ၊ လုံးသောအသွင်မဖောက်လွန်းသည်ဖြစ်၍ လည်းကောင်း၊ ပါဠိပါကန်၌ ကာရိကာရိယ၏အဖြစ်ဖြင့် ဝ နှင့် ဗ သည် အချို့သောအရာ၌ မထူးသောကြောင့်လည်းကောင်း ဗလုံးဆိုလေသည် ယူသင့်၏။ ထိုသို့သော်လည်း ဗထက်ခြိုက်ဟူသည်နှင့်အညီ အထက်၌ခြိုက်၍ ရေးသောကြောင့် အသွင်အားဖြင့် ဝ နှင့် မတူသည်ကို ဗလုံးဟူ၍ ခေါ်ဝေါ်ခြင်းသည် အသွင်မလုံးသောကြောင့် သင့်နိုးအံ့မထင်" ဟူ၍ ရှင်းပြထားပါသည်။

**ဗထက်ခြိုက်**သည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

ဘ

**ဘ / ဗဒ္ဓဂုန်း /**

**ဘ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်လေးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဘကုန်းဟု ခေါ်သည်။ ဘ အက္ခရာတွင် နောက်ကအဖို့ ကုန်းသည့်သဏ္ဍာန်ကြောင့် ဘကုန်းဟုခေါ်ခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ဗထက်ခြိုက်ရော ဘကုန်းပါ အနက်မရှိပေ။ ထို့ပြင် ဗထက်ခြိုက်နှင့် ဘကုန်းကိုလည်း အသံခွဲခြား မရွတ်ဆိုနိုင်ကြပါ။ ထို့ကြောင့် အက္ခရာတစ်လုံးကို ဗထက်ခြိုက်၊ တစ်လုံးကို ဘကုန်းဟူ၍ အသွင်သဏ္ဍာန်အလိုက် အမည်နာမခွဲခြား မှတ်သားကြသည်။ ပါဠိဘာသာတွင် ဘကုန်းသည် ဃောသဓနိတ- သံထင်သံတင်းဖြစ်သော်လည်း မြန်မာဘာသာတွင် ဗထက်ခြိုက် အသံနှင့်အတူပင် ဃောသသိထိလ - သံထင်သံလျော့ ဖြစ်နေပေသည်။ ဌာန်အားဖြင့်မူ ဘကုန်းသည် ပါဠိဘာသာ မြန်မာဘာသာ နှစ်မျိုးလုံးပင် ဩဋ္ဌဌာန် - နှုတ်ခမ်းအရပ်ဖြစ်သည်။ ထို့ကြောင့် ဘကုန်းသည် ဩဋ္ဌဇ အက္ခရာ နှုတ်ခမ်းဌာန်ဖြစ် အက္ခရာဟုဆိုသည်။ ပ ဖ ဗ ဘ မ ဟူသော ပဝဂ်အက္ခရာ ငါးလုံးတွင် စတုတ္ထအက္ခရာဖြစ်သည်။ ထို့ကြောင့် ဘကုန်းကို ပဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ ဘကုန်းနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဘကုန်းအက္ခရာ၌သံယုဂ်ရှိမှဲ့မထူး။ နောက်အဖို့ ကုန်းသည်ကို စွဲ၍ ဘကုန်း ဆိုသည် ယူသင့်၏။ ယင်း သို့သော် တဝမ်းပူအက္ခရာလည်း ဤကဲ့သို့ နောက်အဖို့ကုန်းပါတကား ဟူအံ့။ ထိုတဝမ်းပူ၌ အမည်ထူးရပြီးဖြစ်၍ ဘကုန်းဟူသောအမည်ဖြင့်မမှတ်ပြီဟု ဆိုသင့်၏"ဟု ရှင်းပြထားပါသည်။

**ဘကုန်း**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

မ

**မ / မဒ္ဒ /**

မ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ငါးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ သီးခြားအမည်မရှိ၊ မဟုပင်ခေါ်သည်။ ပဝဂ်ဗျည်း ငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် မကိုပဝဂ်၏ပဉ္စမက္ခရာဟုဆိုသည်။ ပဝဂ်၏အဆုံးဗျည်းဖြစ်သောကြောင့် ဝဂ္ဂန္တဗျည်းဟုလည်းဆိုသည်။ ဃောသသိထိလဖြစ်သည်။ သံထင်သံလျော့ဖြစ်သည်။ သံပြင်းသံလျော့ဟုလည်းဆိုကြသည်။ ဩဋ္ဌဇဗျည်း နှုတ်ခမ်းဌာန်ဖြစ်ဗျည်းဖြစ်သည်။ သို့ရာတွင် နှာခေါင်းတွင်းမှ လေထွက်မှု ထင်ရှားသောကြောင့် နိဂ္ဂဟိတ်ဗျည်းဟုလည်း ခေါ်သည်။ နှုတ်ခမ်းဌာန်နှင့် နှာခေါင်းဌာန် (ဩဋ္ဌဌာန်နှင့် နာသာဌာန်) နှစ်ဌာန်ပြိုင်ဖြစ်သဖြင့် ဒွိဇဗျည်းဟုလည်း ဆိုသည်။ မနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "မ အက္ခရာ၌လည်း သံယုဂ်ရှိမှဲ့အထူးမထင်။ ထိုတွင် အချို့သော သူတို့သည် မ - လိမ်ဟူ၍ ဆွဲကုန်၏။ ထို မ လိမ်ကိုကား ထုံးစံသဘော မထင်။ ပါဠိပါကန်၌ကား သ္မာ၊ သ္မိံ ၊ သို့ ဟူသော ဝိဘတ်၌လည်း အထူး မပြုပြင်ရသောကြောင့် မ အက္ခရာ ဆွဲသော်လည်း မသင့်မဆိုသာ" ဟုရှင်းပြထားပါသည်။

**မ** သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ယ

**ယ / ယဒ္ဒပက်လက် /**

**ယ**သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ခြောက်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ယပက်လက်ဟုခေါ်သည်။ ယင်းဗျည်း၏သဏ္ဍာန်မှာ ပက်လက်လန်နေသော အသွင်ရှိသောကြောင့် ပက်လက်လန်နေသော ယ၊ ယပက်လက် ဟု ခေါ်ခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ယ ဟုပင် အသံထွက်သော အခြားအက္ခရာတစ်လုံးမှာ ရကောက်ဖြစ်သည်။ အကောက်အကွေးဖြစ်သော ရကောက်နှင့် ကွဲပြားခြားနားစေရန်လည်းဖြစ်သည်။ တစ်နည်းလည်း ယပက်လက်နှင့် ရကောက်ကို ခွဲခြားမှတ်သားလိုသောအခါ ယပက်လက်ကို ယငယ်၊ ရကောက်ကို ရကြီးဟုဆိုကြသည်။ မြန်မာဘာသာ ဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် က မှ င အထိကို ကဝဂ်ဗျည်း၊ စ မှ ည အထိကို စဝဂ်ဗျည်း၊ ဋ မှ ဏ အထိကို ဋဝဂ်ဗျည်း၊ တ မှ န အထိကို တဝဂ်ဗျည်း၊ ပ မှ မ အထိကို ပဝဂ်ဗျည်းဟူ၍ ဝဂ်အားဖြင့် ငါးဝဂ်၊ ဝဂ်ဗျည်းအားဖြင့် က မှ မ အထိ နှစ်ဆယ့်ငါးလုံး သတ်မှတ်ထားသည်။ ကျန်ဗျည်းရှစ်လုံးမှာ အစုဖွဲ့၍ မရ၊ ဝဂ်ဖွဲ့၍ မရသဖြင့် အဝဂ်ဗျည်းများဟုခေါ်သည်။ ယပက်လက်သည် အဝဂ်ဗျည်းတစ်လုံးဖြစ်သည်။ ဃောသဗျည်းဖြစ်သည်။ သံထင်ဟု လည်းကောင်း၊ သံပြင်းဟုလည်းကောင်းခေါ်ကြသည်။ ယပက်လက်၏ အသံဖြစ်ရာဌာန်သည် အာခေါင်မာဖြစ်သည်။ အာစောက်ဟုလည်းခေါ်သည်။ ယပက်လက်တွင် ဗျည်း၏ သတ္တိရော၊ သရ၏သတ္တိပါရှိသည်။ ထို့ကြောင့် ယပက်လက်သည် ဗျည်းတစ်ပိုင်း သရတစ်ပိုင်း အက္ခရာဖြစ်သည်။ သရရွေ့အက္ခရာဟုလည်း ခေါ်သည်။ ယပက်လက်ကို သံယုဂ်ဗျည်းအဖြစ် သုံးသောအခါ ယပက်လက်အသွင်ဖောက်၍ ယပင့် ( -ျ ) အသွင်ပြောင်းသည်။ ထိုအခါမျိုးတွင် ယပက်လက်သည် သရတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။ မိမိယှဉ်ရမည့်ဗျည်းကို အောက်ကပင့်သောကြောင့် ယပင့်ဟုခေါ်သည်။ ယပက်လက်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ယ အက္ခရာ၌ကား သံယုဂ်ဖြစ်ရာ အောက်၌တည်သော ယ သည် အသွင်ဖောက်သည်သာများ၏။ ထိုသို့ ဖောက်ရာ၌ ယပင့်သည် ဟူ၍လည်းခေါ်ဝေါ်ကုန်၏။ ထိုယပင့်အသွင် ရေးလိုရင်းကား အထက်၌တည်သော၊ ပင့်အပ်သော ဗျည်း၏အောက်အဖို့၌ ဆင့်၏သို့ ရေးပြီးလျှင် ယ ၏ နောက်အစွန်းကို နောက်သရနှင့် စပ်သာအောင် အထက်သို့ပင့်၍ အထက်ဗျည်း၏အဖို့ အတန်ငယ်ကွာစေလျက် ထိုအထက်ဗျည်းနှင့် အထက်အပြင် မျှရုံပင့်လို၏။ ထိုသို့ ပင့်လိုသည်ကို အောက်၌ ယဆွဲ၏သို့ မရေး၊ ယ ၏ အသွင်အရိပ်၊ အကွေးအညွတ်မထင်စေဘဲ ဇကွဲ၏ အောက်၌ဆွဲသော စျမြင်ဆွဲ (စျမျဉ်းဆွဲ)အက္ခရာ၌ ပင့်၏သို့ ပင့်ကုန်၏။ ထိုမျှသာမက အထက်ဗျည်း၏ အောက်အစွန်းမှတစ်ကြောင်း၊ အတန်ငယ်နောက်သို့ ခြား၍ တစ်ကြောင်း နှစ်ကြောင်း အောက်သို့ငင်၍ ရေးကုန်၏။ ထိုသို့ရေးသော်လည်း သိသာပြီဖြစ်၍ မသင့်မဆိုသာသည် ဖြစ်၏။ ထိုသို့သော်လည်း သဘောရင်းကို လူပြိန်းတို့သိစေခြင်းငှာ ဆိုလိုက်သည်"ဟု ရှင်းပြထားပါသည်။

**ယပက်လက်**သည် စုတ်ချက်သုံးချက်ဆွဲ အက္ခရာဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

■

☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ အေးချမ်းတည်ငြိမ်မှုရရှိအောင် ကြိုးပမ်း တည်ဆောက်လျက်ရှိရာတာဝန်သိစွာဖြင့် ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မှန်ကန်တိကျသော သန်းခေါင်စာရင်းကောက်ယူရေးသည် ပြည်သူတစ်ဦးချင်းစီ၏ အနာဂတ်ဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံး၏ အကျိုးစီးပွားကို လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုတို့နှင့် ဆက်စပ်နေပေရာ မိမိနှင့် မိမိတို့ တစ်မျိုးသားလုံး၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည့်လုပ်ငန်းအဖြစ် သဘောပေါက်ခံယူကာ လူတိုင်းပါဝင်ဆောင်ရွက်သင့်ပေသည်။

**၁၀ နှစ်တစ်ကြိမ်**
**သန်းခေါင်စာရင်းကောက်ယူ**

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် ဗြိတိသျှတို့ သန်းခေါင်စာရင်းကောက်ယူခဲ့စဉ်က ပြည်နယ်အချို့ကို ချန်လှပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ချန်လှပ်ခဲ့ခြင်းမှာ ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှုဗျူဟာအရ တစ်နိုင်ငံလုံး တန်းတူညီတူ မဖွံ့ဖြိုးမတိုးတက်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤအချက်ကို သမိုင်းသင်ခန်းစာယူ၍ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူအားလုံး၏ ကောင်းကျိုးစီးပွားကို မှန်ကန်စွာဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ အောင်မြင်စေရန် အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံနှင့် ပြည်သူအပေါ် ချစ်မြတ်နိုးသော စိတ်ဓာတ်တို့ဖြင့် အားသွန်ကြိုးပမ်း ပါဝင်ဆောင်ရွက်သင့်ပေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေကို တိုင်းတာဆောင်ရွက်နိုင်ရန် ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် အကြံပြုခဲ့သည်။ ထို့ကြောင့် မိမိကောင်းကျိုး၊ မိမိနိုင်ငံကောင်းကျိုးကို မိမိတို့ကိုယ်တိုင် ဆောင်ရွက်ခြင်းသည် ကောင်းမြတ်မှန်ကန်သော ဆောင်ရွက်မှုဖြစ်ရာ "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်စေမင်း" ဆိုသကဲ့သို့ ယခု ၂၀၂၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အားလုံးပူးပေါင်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကျန်းမာရေးဝန်ကြီးဌာန၏ အလွတ်တန်းပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ကျန်းမာရေး ဝန်ကြီးဌာန၏ အလွတ်တန်း ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ လေ့ကျင့်ရေးခန်းမ (၃) ၌ ကျင်းပရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (က) အသင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ခ) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။




အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ဝန်ထမ်းမိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(က) အသင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခ) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(က)အသင်းက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ခ)အသင်းကို အနိုင်ရရှိပြီး ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ပထမဆုရရှိသည့်အသင်းအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက ဒုတိယဆုနှင့် တတိယဆုရအသင်းများအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းအား ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ အလွတ်တန်း ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲတွင် အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်များ စိစစ်ရွေးချယ်နိုင်ရေး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက် မြင့်မားလာစေရေးနှင့် ထူးချွန်သော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် စက်တင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY
၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
"အားကစားအတွက် အမြဲကူညီ ရှေးဦးပြုစုခြင်း အသင့်ရှိသည်"
First Aid and Sports
Ready, Set, Respond



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ပျဉ်းမနားမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးနိုင်၊ ပျဉ်းမနားမြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်သူရနှင့် ရွာကောက်နယ်မြေ ရဲစခန်းမှူး ရဲအုပ်နေကျော်နှင့် ရဲတပ်ဖွဲ့ဝင် ၅၀ တို့ ရန်အောင် (၂) ရပ်ကွက်ရှိ မာန်အောင်ပရိယတ္တိစာသင်တိုက် အတွင်း၊ အပြင်ရှိ မြက်နှင့် ချုံနွယ်များ၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။

မျိုးသီဟ(ပြန်/ဆက်)

# တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ပေးပို့သည့်သဝဏ်လွှာကို ရှမ်းပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေဝင်းက ဖတ်ကြားပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ရွက်မှု Video Clip ကို ပြသကာ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနာဂတ်မြော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်**

ထို့နောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ် အမျိုးသမီးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ညိုမီစောက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုဆုငွေများ ပေးအပ်၍ အခမ်းအနားတွင် သီဆို ဖျော်ဖြေပေးကြသော အမှတ် (၁) နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် ပုလဲရတနာလမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးသီဟကျော် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၆၅ ဦးတို့ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**




## ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား တက်ရောက်

**လွိုင်ကော် စက်တင်ဘာ ၈**

ကယားပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ အခမ်းအနားကို လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "တို့အင်တို့အား"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက ဖတ်ကြားပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာတတ်မြောက်ရေး လှုပ်ရှားမှုမှတ်တမ်း Video Clip ကို ပြသခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ပြည်နယ်အဆင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လွိုင်ကော်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး"သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး အဖွင့်သီချင်းနှင့် အပိတ်သီချင်းဖြင့် သီဆိုကြသော ကျောင်းသား ကျောင်းသူများအား ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ပြခန်းများနှင့် ဆုရရှိသည့် စာစီစာကုံးနှင့် ပန်းချီများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံ တပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ အောင်မြေလောကသွန်းဘုရားကြီး၌ သုံးခွမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက အောင်မြေလောကသွန်းဘုရားကြီး ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များရှင်းလင်းခြင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြစဉ်။ **ကောင်းမြတ်သူ**

# ဝါးခယ်မမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ဝါးခယ်မ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၆ ရက်က သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးတင်ဝင်း(မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ)က အဖွင့်အမှာစကားပြောကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝါးခယ်မမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တူးတူးလွင်တို့က သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာသော အသင်းစုကိုယ်စားလှယ်များက သဘောတူညီချက်ရယူကာ အသင်း၏ ၂၀၂၃-



၂၀၂၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာကို အတည်ပြုကာ အသင်းကိုယ်စားလှယ်များအား ခရီးစရိတ်နှင့် အစုပေါ် အမြတ်အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန် မြင်ကွင်းကြားက ရယူအပ်ရာ သင်ခန်းစာများ

# ညီညွတ်မှု မျိုးချစ်စိတ် ပညာဉာဏ်ဖြင့် အဆိုးထဲက အကောင်းကိုရှာ

မြင့်မြတ်

ယခုရက်သတ္တပတ်တွေအတွင်း မြန်မာနိုင်ငံရဲ့ အရှေ့၊ အနောက် အိမ်နီးချင်းနှစ်နိုင်ငံက ဝန်ကြီးချုပ်တွေ နုတ်ထွက်ခဲ့ရတဲ့ဖြစ်စဉ်တွေနဲ့တကွ မြန်ဆန်တဲ့ အပြောင်းအလဲတွေ ဖြစ်ခဲ့ပါတယ်။ အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတစ်ယောက် ပြင်းထန်တဲ့ လူထုအုံကြွမှုဒဏ်မခံနိုင်ဘဲ ပြည်ပသို့ထွက်ပြေးခဲ့ရအပြီး မကြာခင်မှာပဲ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကနေ အခြေခံဥပဒေချိုးဖောက်ပြီး တရားရုံးအရာရှိ တစ်ဦးကို လာဘ်ပေး လာဘ်ယူလုပ်ခဲ့သူကို ဝန်ကြီးချုပ်ရုံးဝန်ကြီးခန့်မိတဲ့ အပြစ်ထင်ရှားလို့ ဝန်ကြီးချုပ် ဆာရက်သာဗီဆင် ရာထူးက နားခဲ့ရပြန်ပါတယ်။

ထိုနှစ်နိုင်ငံနည်းတူ အိန္ဒိယနိုင်ငံမှာလည်း တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲတွေ ဖြစ်ခဲ့တယ်။ အမိမြန်မာနိုင်ငံ အခြေအနေကြည့် ပြန်ရင်လည်း ဘက်စုံထောင့်စုံက တိုက်ခိုက်ခံနေရချိန်၊ ပြည်တွင်း ပြည်ပ ဖိအားအမျိုးမျိုးအောက်မှာ သွေးခွဲခံနေရချိန်၊ ပြည်တွင်းစည်းလုံးညီညွတ်မှုအားကို အရယူကြိုးစားတည်ဆောက်နေရချိန်၊ ပြည်ပက မိတ်ဆွေစစ်စစ် မဟာမိတ်တွေရဲ့ အားကို အရယူနေရတဲ့ အခြေအနေမှာ အစစအရာရာ ဘက်ပေါင်းစုံက သုံးသပ်ဆောင်ရွက်နေရတဲ့ အနေအထားလည်း ဖြစ်နေတယ်။



ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်(ဟောင်း) ရှိတ်ဟာဆီနာ ရာထူးမှ နုတ်ထွက်ပြီးနောက် ပြည်ပသို့မထွက်ခွာမီ တွေ့ရပုံ။



ဆန္ဒပြပွဲများ ဖြစ်ပွားပြီးနောက် ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်ဖြစ်လာသူ မိုဟာမက်ယူနွတ်။

## ပထဝီနိုင်ငံရေးအခြေအနေပြောင်းလဲစေတဲ့ အိမ်နီးချင်းရဲ့အဖြစ်

ရှိတ်ဟာဆီနာ မောင်းထုတ်ခံရပြီး ကြားဖြတ်ဝန်ကြီးချုပ်ဖြစ်လာသူ မိုဟာမက်ယူနွတ်ဟာ စွန့်ဦးတီထွင် ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့ပြီး ထုံးစံအတိုင်း စီးပွားရေးသမား၊ နိုင်ငံရေးသမား နိုဘယ်ဆုရှင်တစ်ဦးလည်းဖြစ်ပါတယ်။ အနောက်အုပ်စုရဲ့ ကြိုးကိုင်ခံရသူဖြစ်ပြီး အနောက်ယိမ်းသူ တစ်ဦးလို့ ဆိုကြတယ်။ ယခုကြားဖြတ်ဝန်ကြီးချုပ်ဟာ ရှိတ်ဟာဆီနာလက်ထက်မှာ ထောင်ကျခဲ့ဖူးတဲ့အတွက် နိုင်ငံရေးအာဃာတ ပြင်းထန်လာနိုင်တယ်။

တစ်ချိန်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမှာ အဓိက ဦးဆောင်သူဖြစ်ခဲ့ပြီး ပြည်သူ့အကျိုးဆောင်ခဲ့သူဖြစ်ပေမယ့် နိုဘယ်ဆုရှင်တစ်ဦး အုပ်ချုပ်တော့မယ့် အိမ်နီးချင်းတိုင်းပြည်ရဲ့ အနာဂတ်ကို တော့ ရင်လေးမိတာ အမှန်ပဲ။ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေအရ စဉ်းစားမိတာဖြစ်ပါတယ်။ တိုင်းပြည်အတွက် စေတနာမှန်တယ်ဆိုဦးတော့ နိုဘယ်ဆုရှင်တွေ အုပ်ချုပ်လိုက်တဲ့ တိုင်းပြည်တချို့မှာ ပြိုကွဲပျက်စီးကိန်း ကြုံရလေ့ရှိတဲ့အချက်ဟာ တိုက်ဆိုင်မှုမှုပဲလား တွေးမိတယ်။

ရှိတ်ဟာဆီနာဟာ အနောက်နဲ့ တရုတ်ကြားမှာ ခွချက်နေရာယူခဲ့ပုံရပြီး BRI အကျိုးစီးပွားအရ တရုတ်နဲ့ ပိုနီးစပ်ခဲ့တဲ့အတွက် အနောက်အုပ်စုက မျက်စိစပါးမွေးစူးခဲ့သလို ဟိန္ဒူလူနည်းစုရဲ့ ထောက်ခံမှုယူပြီး အိန္ဒိယနဲ့လည်း အလွမ်းသင့်တဲ့အတွက် ရန်သူတော်ကြီး ပါကစ္စတန်နဲ့ မသင့်မတင့် ဖြစ်တာကြာပါပြီ။ ဝန်ကြီးချုပ်ဟောင်းအပေါ် သူ့ပြိုင်ဘက်တွေက ဘယ်လောက်အထိ အငြိုးကြီးသလဲဆိုရင် ဆူပူအုံကြွမှုအတွင်း အစိုးရရဲ့ရက်စက်ကြမ်းကြုတ်မှုလုပ်ရပ်တွေကို စစ်ဆေးဖို့ဆိုပြီး ကုလသမဂ္ဂကို မိမိနိုင်ငံအတွင်း ဖိတ်ခေါ်ထားတဲ့အထိပါပဲ။

ကိုယ့်ပြည်တွင်းရေး ကိုယ့်အင်အားနဲ့ မဖြေရှင်းဘဲ ပြည်ပအားကိုးခြင်းဟာ အဓိကက ရှိတ်ဟာဆီနာကို ကလဲ့စားပစ်မှတ်ထားခြင်းဖြစ်ပြီး အနောက်ယိမ်းသမားတွေရဲ့ အမေကျော် ဒွေးတော်လွမ်းတဲ့ လုပ်ရပ်လို့ ပြောလို့ရသလို ပြည်တွင်း ပြည်ပ ပူးပေါင်းထိုးနှက်ချက်တစ်ခုလည်း ဖြစ်နိုင်ပါတယ်။ တရုတ်နိုင်ငံက ဘင်္ဂလားပင်လယ်အော်ထွက်ပေါက်အတွက် အားထားရာ လက်ရုံးတစ်ယောက် လက်လွှတ်လိုက်ရတဲ့အတွက် လတ်တလော ဒီအရေးအခင်းမှာ အမေရိကန်နဲ့ တရုတ်အကြား ဘယ်သူက အသာရပြီး ဘယ်သူခံလိုက်ရသလဲဆိုတာ ခပ်ရေးရေးအကဲခတ်လို့ ရနိုင်ပါတယ်။

ပင်လယ်ထွက်ပေါက်အတွက် နောက်ထပ်အချက်အချာနေရာမှာရှိနေတာက မြန်မာနိုင်ငံဖြစ်တယ်။ သို့ပေမဲ့ နိုင်ငံရဲ့အနောက်နဲ့အရှေ့မှာ ဒီလိုတွေဖြစ်နေချိန် မြန်မာနိုင်ငံမှာတော့ ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ အဖျက်အမှောင့်မျိုးစုံနဲ့ ပြည်ဖျက်စီမံကိန်းများစွာကို အပြင်းအထန် ရင်ဆိုင်နေရချိန်လည်းဖြစ်တယ်။ အထူးသဖြင့် ပတ်ဝန်းကျင် ပထဝီနိုင်ငံရေးအပြောင်းအလဲအရ နိုင်ငံရဲ့အနောက်တံခါးပေါက်နဲ့ အနောက်မြောက်ပိုင်း အနေအထားက တစ်မျိုးသားလုံးသတိထားရမယ့် အခြေအနေ ဖြစ်လာပါတယ်။ စစ်ဘုရင်ဝါဒီတွေနဲ့ မူးယစ်ရာဇာအဖျက်သမားတွေရဲ့အတ္တကြောင့် နိုင်ငံ့အချုပ်အခြာ ကျိုးပဲ့မပါရေးဟာ ယခုလိုအခြေအနေမှာ အထူးအရေးကြီးလာပြီ ဖြစ်ပါတယ်။

## နယ်ချဲ့အလိုကျ အမျိုးသားရေးစိန်ခေါ်မှုများ ရှိလာနိုင်

ယနေ့နိုင်ငံငယ်အချို့ရဲ့ နိုင်ငံရေး ဖြစ်စဉ်တွေအရ နိုင်ငံကြီးတွေက သူတို့ မလိုအပ်တော့တဲ့အချိန်မှာ နိုင်ငံငယ်တွေရဲ့ ခေါင်းဆောင်တွေဟာ ခေါင်းစဉ်အမျိုးမျိုး အပြခံရပြီး ဖြုတ်ချခံ၊ နုတ်ထွက်ခံလိုက်ရတဲ့ ဖြစ်စဉ်တွေ တွေ့လာရတယ်။ သူတို့အလိုကျဖြစ်အောင် အကြောင်းပြ၊ လျှို့ဝှက်ဖိအားပေးတဲ့နည်း၊ ခေါင်းမာတဲ့ ခေါင်းဆောင်ဆိုရင် မြှုပ်နှံထားတဲ့ ယူဂျီအားနဲ့ သွေးထိုးလှုံ့ဆော်၊ တော်လှန်ရေးအမည်ခံပြီး လူထုအုံကြွမှုဖြစ်စေတဲ့ မသမာနည်းလမ်းတွေနဲ့ အစိုးရပြုတ်ကျအောင် လုပ်လာကြတယ်။

အစိုးရ မပြုတ်ကျခဲ့ရင် ပြည်တွင်းစစ်ကို ဖန်တီး၊ နိုင်ငံတွင်းသွေးချောင်းစီးစေပြီး နိုင်ငံအလုံးစုံပျက်သုဉ်းအောင် ဖန်တီးလေ့ရှိကြတယ်။ ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒနဲ့အညီ တက်လာတဲ့ အစိုးရဖြစ်နေဦးတော့ အနောက်လက်မည်းကြီးတွေရဲ့အလိုကို မလိုက်လျောနိုင်ရင် ဖြုတ်ချခံရတဲ့ အစဉ်အလာများစွာ ကြုံခဲ့ဖူးပြီပဲ။ အနောက်လိုလားတဲ့ ဒီမိုကရေစီအစိုးရဖြစ်နေပေမယ့် တစ်ချိန်မှာ သူတို့ဆန္ဒအတိုင်း ဖြစ်မလာခဲ့ရင်လည်း ဖြုတ်ချခံရကိန်းရှိတယ်။

ယူကရိန်း၊ ပါကစ္စတန်၊ ယခု ဘင်္ဂလားဒေ့ရှ် အခြေအနေတွေကနေ လေ့လာလို့ ရနိုင်ပါတယ်။ ရှိတ်ဟာဆီနာဆိုရင် စိန့်မာတင်ကျွန်းမှာ စစ်အခြေစိုက်စခန်းတည်ခွင့် အမေရိကန်က တောင်းခဲ့တာကို ငြင်းပယ်ခဲ့တဲ့အတွက် နိုင်ငံတွင်း သွေးချောင်းစီးခဲ့ရပြီး ယခုလိုသူရာထူးက ဆင်းပေးရတဲ့ အခြေအနေရောက်ခဲ့ရကြောင်း ဖော်ထုတ်ခဲ့တာကို ကြည့်ပြီးသုံးသပ်နိုင်ပါတယ်။ သူကျရှုံးရပြီးနောက်ထပ်ဝန်ကြီးချုပ် အသစ်တက်လာပေမယ့် နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအတွင်းမှာတော့ အက်ကြောင်းတွေဖြစ်သွားခဲ့ရပါပြီ။ ဒီအကွဲအပြဲဟာ အနောက်နယ်ချဲ့တို့အကြိုက် ရေရှည်ပုံဖော်ထားတဲ့ ဒေသတွင်းမှာ ဖြစ်လာနိုင်တဲ့ ပဋိပက္ခတစ်ခုအဖြစ် ကြိုတင်မြင်ထားဖို့လိုပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ်က အကြမ်းဖက်တွေကို အသုံးချပြီး ကျွန်တော်တို့ရဲ့ အနောက်တံခါးပေါက် အချုပ်အခြာ ပွဲ့ပါမယ့်အရေး ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်ပါတယ်။

နှစ်နိုင်ငံနယ်စပ်မှာ ဘာသာခြား၊ လူမျိုးခြား နိုင်ငံသစ်တစ်ခုပေါ်ထွန်းလာရေး အနောက်နယ်ချဲ့တို့ရဲ့ အိပ်မက်ကို အထူးသတိထားရပါမယ်။ ဒါကြောင့် အထက်မှာတင်ပြခဲ့သလို တစ်မျိုးသားလုံး သတိထားရမယ့် အမျိုးသားရေးဆိုတာ ဒီအချက်ကိုပဲ ပြောတာပါ။ အနောက်အုပ်စုဟာ တရုတ်၊ ရုရှားယိမ်းတဲ့အစိုးရတွေ၊ အမျိုးသားရေးအားသန်တဲ့ အစိုးရတွေဆိုရင် မနှစ်မြို့ပါဘူး။ သင်ခန်းစာများအရ ကမ္ဘာ့အင်အားကြီး တော်တော်များများဟာ နိုင်ငံငယ်တွေရဲ့ ပြည်တွင်းရေး ပဋိပက္ခအတွင်း အင်အားစုတွေအကြား မျှခြေတစ်ခုဖြစ်အောင် ဘယ်တော့မှ ဖန်တီးလေ့မရှိကြတဲ့အတွက် တစ်ဖက်က ဖိအားလျော့သွားခဲ့ရင် ကျန်တဲ့ဆန့်ကျင်ဘက်ကနေ ဖိအားပြင်းပြင်းထန်ထန် ပေးတတ်တဲ့အကျင့်ကိုလည်း ထည့်တွက်ရပါမယ်။

## ထာဝရမိတ်ဆွေ ထာဝရန်သူ

အရေးကြီးတဲ့အချက်က ဘယ်သူက ထာဝရမိတ်ဆွေ၊ ဘယ်သူက အမြဲတမ်းရန်သူ ဖြစ်သလဲဆိုတာပဲ။ ယနေ့ကမ္ဘာနဲ့ မြန်မာအခင်းအကျင်းအပေါ် မြင်သိကြားသိချက်တွေအရ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူရယ်လို့လည်း မရှိပြန်ပါဘူး။ ရန်သူရဲ့ရန်သူဟာ မိမိရဲ့မိတ်ဆွေဖြစ်နေတဲ့အတွက် မိမိအကျိုးစီးပွားကို ကြည့်ပြီး ရေတို၊ ရေရှည်မဟာမိတ်ဆိုတာ ရှိရမှာပါပဲ။ အကျိုးစီးပွားပဓာနဖြစ်တဲ့အတွက် နိုင်ငံအချင်းချင်းကြားမှာ စိတ်ရင်းနဲ့ ပြောဆိုကြခြင်း ဟုတ်၊ မဟုတ် မှန်းရခက်ပါတယ်။

အစ္စရေး – ဟားမားစ်ပဋိပက္ခမှာ အမေရိကန်က လူသားချင်းစာနာထောက်ထားပြီး အပစ်အခတ်ရပ်ကြဖို့ အသံကောင်းဟစ်နေပေမယ့် တစ်ချိန်တည်းမှာ သူကိုယ်တိုင်က အစ္စရေးကို လူသတ်လက်နက်တွေ ဆက်တိုက်ထောက်ပံ့နေပြီး အပြောတစ်မျိုး အလုပ်တစ်မျိုးဖြစ်နေမှုကို မြင်နိုင်ရပါမယ်။ ဒါကြောင့် မဟာမိတ်စစ်စစ်ဆိုသည်မှာ အရေးကြုံရင် ကျောချင်းကပ်နိုင်ရမယ်၊ တစ်ဖက်ရဲ့ စိုးရိမ်ပူပန်မှုကို စာနာနားလည်ပြီး ကူညီပံ့ပိုးမှုပြုနိုင်ရမယ်၊ တစ်ဦးရဲ့ အချုပ်အခြာကို တစ်ဦးက အပြန်အလှန် လေးစားမှုများ ရှိနေရမယ့်အပြင် လိုအပ်ရင် တစ်ဦးနဲ့ တစ်ဦးက ကာကွယ်ပေးနိုင်ရမယ်။ ဒါမှမဟာမိတ်ဖြစ်ပါတယ်၊ မိတ်ဆွေအစစ်ဖြစ်ပါတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့

❝ ဘယ်အရာမဆို အခွင့်အလမ်းဆိုတာ အမြဲမရနိုင်တဲ့ ကျွန်တော်တို့အတွက်တော့ မိတ်ဆွေရဖို့ဆိုရင်ယုံကြည်မှုတစ်ခုကို အပြန်အလှန် တည်ဆောက်နိုင်ရမယ်ဆိုတဲ့အချက်ကလည်း အဖိုးတန်တဲ့ သင်ခန်းစာတစ်ခုဖြစ်မှာပါ။ ယုံကြည်မှုကို အပြန်အလှန်မတည်ဆောက်နိုင်ကြတဲ့အတွက် နိုင်ငံအချင်းချင်းခွာပြဲရတဲ့ အနေအထားထိ ရောက်သွားခဲ့ရပုံကို အိမ်နီးချင်းနိုင်ငံနှစ်ခုက ဝန်ကြီးချုပ်တွေရဲ့ ဖြစ်အင်ကိုကြည့်ပြီး သင်ခန်းစာယူလို့ရနိုင်ပါတယ်။ ဒါပေမဲ့ အမှန်တရားဟာ ဘယ်လောက်ပဲမှန်နေနေ အင်အားကြီးတို့ရဲ့ မီဒီယာထိုးစစ်အောက်မှာ ပျောက်ကွယ်သွားနိုင်တယ်။ ပြည်သူ့အားဆိုတာကလည်း ကိုယ်ခံအားမကောင်းရင် အင်အားကြီးတို့ရဲ့ မနအင်အားနဲ့ ဖုံးလွှမ်းထားတဲ့ ဝါဒမှိုင်းအောက်မှာ ရှုံးနိမ့်ရနိုင်တယ်။ တကယ်တော့ ကိုယ်ခံအားဆိုတာ မျိုးချစ်စိတ်ဓာတ်နဲ့ ပညာဉာဏ်ကို အခြေခံတဲ့ ယုံကြည်ချက်၊ ခံယူချက်ပါပဲ။ အထူးသဖြင့် အနာဂတ်ကိုပိုင်ဆိုင်မယ့် လူငယ်ထုအတွက်ဆိုရင် ပိုအရေးကြီး ❞

# မော်လမြိုင်မြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ အခမ်းအနားတွင် မော်လမြိုင်မြို့နယ်မှ ဆရာ ဆရာမများက " စာတတ်မြောက်ရေး လူတိုင်းအရေး" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေး အခမ်းအနားသို့ UNESCO မှ ပေးပို့သော သဝဏ်လွှာအား မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ဖတ်ကြားသည်။

ဆက်လက်၍ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စာသင်ကျောင်းမှ ခေါင်းလောင်းသံ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို လည်းကောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုပြိုင်ပွဲများကျင်းပ

**တာချီလိတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများကို ယမန်နေ့နံနက် ၁၀ နာရီက မိုင်းလင်းအနောက်အုပ်စု ပါလိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၅၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုး၊ ကျောင်းအုပ် ဆရာကြီး ဦးသက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

# ကြာဖြူပွင့်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကြာဖြူပွင့်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို တာမွေမြို့နယ် ပေါ်ဆန်းမွှေးလမ်းရှိ အသင်းရုံးဆိုင်ခန်း၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိုက်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ် အစီရင်ခံစာများကို အသင်းအမှုဆောင် တစ်ဦးက ဖတ်ကြားတင်သွင်းသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဦးကျော်**

# ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၈**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့မန်နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်း က လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်အကြောင်းအရင်းများ၊ အကျိုးသက်ရောက်မှုများနှင့် လေထုအရည်အသွေးကို တိုးတက်ကောင်းမွန်လာစေမည့် ဖြေရှင်းနည်းများကို ပိုမိုသိရှိနားလည်လာစေရန်ရည်ရွယ်၍ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



**အသိပညာပေးဟောပြော**

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းဌေးက "သန့်ရှင်းလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့"ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ်ဗီဒီယိုကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ ကျောင်းသားကျောင်းသူများအား မေးခွန်းများမေးမြန်း၍ ဆုချီးမြှင့်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

■ စာမျက်နှာ ၁၀ မှ

ဘယ်အရာမဆို အခွင့်အလမ်းဆိုတာ အမြဲမရနိုင်တဲ့ ကျွန်တော်တို့အတွက်တော့ မိတ်ဆွေရဖို့ဆိုရင် ယုံကြည်မှုတစ်ခုကို အပြန်အလှန် တည်ဆောက်နိုင်ရမယ်ဆိုတဲ့ အချက်ကလည်း အဖိုးတန်တဲ့ သင်ခန်းစာတစ်ခုဖြစ်မှာပါ။ ယုံကြည်မှုကို အပြန်အလှန် မတည်ဆောက်နိုင်ကြတဲ့အတွက် နိုင်ငံအချင်းချင်းခွာပြဲရတဲ့ အနေအထားထိ ရောက်သွားခဲ့ရပုံကို အိမ်နီးချင်းနိုင်ငံနှစ်ခုက ဝန်ကြီးချုပ်တွေရဲ့ ဖြစ်အင်ကိုကြည့်ပြီး သင်ခန်းစာယူလို့ရနိုင်ပါတယ်။ ဒါပေမဲ့ အမှန်တရားဟာ ဘယ်လောက်ပဲမှန်နေနေ အင်အားကြီးတို့ရဲ့ မီဒီယာထိုးစစ်အောက်မှာ ပျောက်ကွယ်သွားနိုင်တယ်။ ပြည်သူ့အားဆိုတာကလည်း ကိုယ်ခံအားမကောင်းရင် အင်အားကြီးတို့ရဲ့ ဓနအင်အားနဲ့ ဖုံးလွှမ်းထားတဲ့ ဝါဒမှိုင်းအောက်မှာ ရှုံးနိမ့်ရနိုင်တယ်။ တကယ်တော့ ကိုယ်ခံအားဆိုတာ မျိုးချစ်စိတ်ဓာတ်နဲ့ ပညာဉာဏ်ကို အခြေခံတဲ့ ယုံကြည်ချက်၊ ခံယူချက်ပါပဲ။ အထူးသဖြင့် အနာဂတ်ကို ပိုင်ဆိုင်မယ့် လူငယ်ထုအတွက်ဆိုရင် ပိုအရေးကြီးကြောင်း ဒီနေရာကနေ တင်ပြလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အဓိကကတော့ ပြည်တွင်းအင်အားပါပဲ။ အားလုံးရဲ့ ညီညွတ်မှု၊ စည်းလုံးမှုကသာ အခရာပါ။ ယနေ့ကမ္ဘာ့အရေးအခင်းတွေဟာ မျက်စိလည် လမ်းမှားစရာ တစ်ပုံတစ်ပင်နဲ့ အင်မတန်ရှုပ်ထွေးပါတယ်။ မထင်မှတ်ထားတဲ့အရာတွေ အများကြီးကြားမှာ ကိုယ့်ဘက်က ပညာဉာဏ်ပြည့်ဝစွာနဲ့ လုပ်နိုင်ကိုင်နိုင် စဉ်းစားနိုင်မှ တော်ကာကျပါမယ်။ မဟုတ်ရင် အလိမ်ခံရမယ်၊ အဖြူအမည်း မခွဲခြားနိုင်ဘဲ လမ်းမှားရောက်ရတတ်ပါတယ်။ စည်းလုံးညီညွတ်မှုအားနဲ့အတူ နိုင်ငံရဲ့စီးပွားရေး၊ စစ်ရေးအင်အားကို ဖွံ့ဖြိုးတိုးတက်အောင်၊ ဖွံ့ဖြိုးမှုကတစ်ဆင့် နိုင်ငံအခြေအနေတည်ငြိမ်အေးချမ်းနေအောင် ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်ကြရပါမယ်။

ကိုယ့်ပြည်တွင်းအားက ခိုင်မာနေရင် ခွန်အားရှိနေရင် ဘယ်လိုရန်သူမျိုးကိုမဆို တွန်းလှန်နိုင်မယ်။ ဘယ်လို လှည့်စားမှုမဆို ချေဖျက်နိုင်ပါမယ်။ တစ်ကောင်တည်းနေလို့လည်း မရတဲ့အတွက် မိတ်ဆွေဆိုတာလည်း ရှိရမှာပါ။ ဆိုခဲ့သလို အမြဲတမ်းရန်သူမရှိ၊ အမြဲတမ်း မိတ်ဆွေဆိုလည်း မရှိ၊ ကိုယ့်ရဲ့ရန်သူဟာ ကိုယ့်မိတ်ဆွေပဲဆိုတဲ့ စကားရပ်အတိုင်း ရလာတဲ့အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး မိမိတို့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အားသာချက်တွေကို ဆက်လက်တည်ဆောက်ကြရပါမယ်။

အရေးအကြီးဆုံးသော ရင်းမြစ်အင်အားကတော့ နောင်တစ်ချိန် အားကိုးရမယ့် ယနေ့လူငယ်တွေပါပဲ။ ကျွန်တော်တို့လူငယ်လေးတွေဟာ ယခုလိုကာလမှာ ကမ္ဘာ့အရေး၊ မြန်မာ့အရေးများစွာကို ကောင်းကောင်းလေ့လာနိုင်တဲ့ အခွင့်အရေးတွေ ရရှိလာနေပါပြီ။ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာတွက်ချက်ပြီး အကြောင်းနဲ့အကျိုး ဆက်စပ်မှုကဘာလဲ၊ ငါတို့ပြည်တွင်းရေးမှာ မီးရှို့သူလက်မည်းနဲ့ ရန် – ငါပြတ်ရမယ့်သူက ဘယ်သူလဲ၊ လောင်နေတဲ့မီး ငြိမ်းပေးမယ့် မိတ်ဆွေစစ်က ဘယ်သူဖြစ်မလဲ၊ အနီးစပ်ဆုံး သုံးသပ်ဆက်စပ် ခွဲခြမ်းစိတ်ဖြာပြီး အဆိုးထဲက အကောင်းကို အဖြေရှာနိုင်ဖို့က အဓိကကျလာပါပြီ။ ထို့အတွက် ကျွန်တော်တို့အားလုံးမှာ ညီညွတ်မှု မျိုးချစ်စိတ်နဲ့ ပညာဉာဏ်များ ကြီးမားဖို့ရာ ယခုလိုအချိန်မှာ ပိုလို့ပိုလို့သာ အရေးကြီးနေပါတော့တယ်။ ။

# ကရင်ပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**ဘားအံ စက်တင်ဘာ ၈**

ကရင်ပြည်နယ် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ အခြေခံပညာ ဆရာ ဆရာမများက စာတတ်မြောက်ရေးဝိုင်းကူပေးသီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြု ဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ကရင်ပြည်နယ်အတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကိုအတူတကွ ကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ခင်းကျင်းပြသထားသော ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆုရစာစီစာကုံး၊ ပန်းချီ ပိုစတာ လက်ရာများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**



## သာယာကုန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးအား မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်း ရှင်အာဒိစ္စဝံသကျောင်းတိုက် ဓမ္မာရုံတွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ဖတ်ကြားတင်သွင်း**

အဆိုပါ အစည်းအဝေးတွင် သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်မြတ်မြတ်နွယ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ် အစီရင်ခံစာများအား အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းခဲ့သည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် "အဂတိပယ်ခွာ ပြည်သာယာ" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -
- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - JPG ၊ A3 (297 x 420 mm) with correct aspect ratio၊
- (၃) Resolution - 300 dpi ၊
- (၄) File Size - 15 Mb ထက်မပိုစေရ၊
- (၅) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက် စာသားသီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy ၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ တစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် zinwaihnin88@gmail.com သို့ ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ Download ရယူနိုင်ပြီး ဦးညီညီမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၂၀၁၉၀၀၄ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ၀၆၇-၈၁၀၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဂ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရမည် -
- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - mpeg 4၊
- (၃) Resolution - 1920 x 1080 p ထက်မပိုစေရ၊
- (၄) File Size - 300 Mb ထက်မပိုစေရ၊
- (၅) Sound - 16-bit, stereo၊
- (၆) Duration - 120 Seconds ထက်မပိုစေရ၊
- (၇) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုး ဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms.khinmoeou@ gmail.com သို့ ဖြစ်စေပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၆၇-၈၁၀၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(င) ဆောင်းပါးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -
- (၁) အသက် - ကန့်သတ်ချက်မရှိ၊
- (၂) ဘာသာစကား - မြန်မာ၊
- (၃) ပုံစံ - ကွန်ပျူတာစာစီဖြစ်ရမည်၊
- (၄) အရေအတွက် - A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအတွင်း၊
- (၅) ကန့်သတ်ချက် - ကျောကပ်ရေးသားခြင်းမပြုရ၊
- (၆) ကိုးကားချက်များရှိပါက ပြည့်စုံစွာထည့်သွင်းဖော်ပြရန်။

(စ) ဆောင်းပါးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ Soft Copy (၁)စုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာ sabalphyu 315@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်သင်းသင်းဇင်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၀၁၂၂၁၃ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများတွင် အောက်ပါအချက်များပါရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ -
- (၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊
- (၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဇ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် ဆောင်းပါးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဈ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးတို့ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား" တွင် ဆုချီးမြှင့်ပေးမည် ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## ဘရာဇီးနိုင်ငံတရားရုံးချုပ်က တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X”အသုံးပြုခွင့်ကို ပိတ်ဆို့ထားခြင်းအပေါ် ပြည်သူများ ဆန္ဒထုတ်ဖော်

**ဆော်ပေါ်လို စက်တင်ဘာ ၈**

ဘရာဇီးနိုင်ငံတရားရုံးချုပ်က နိုင်ငံအတွင်း၌ တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X” အသုံးပြုခွင့်ကို ပိတ်ဆို့ထားခြင်းအပေါ် ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X” သည် သတင်းမှားများဖြန့်ဝေသည့် အကောင့်များကို ဖျက်သိမ်းပစ်ရန် အစိုးရ၏တောင်းဆိုမှုအပေါ် ငြင်းဆိုခဲ့ခြင်းကြောင့် အစိုးရက ဝန်ဆောင်မှုအသုံးပြုခြင်းကို ဆိုင်းငံ့ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်လတွင် တရားရုံးချုပ်က တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X”ကို အသုံးမပြုရန် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အမိန့်စာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

တရားရုံးချုပ်နှင့် သဘောထားကွဲလွဲနေသော ဘရာဇီးသမ္မတဟောင်း ဘော်ဆိုနာရိုကို ထောက်ခံသူများသည် နိုင်ငံ၏အကြီးဆုံးမြို့ ဆော်ပေါ်လိုရှိလမ်းမများပေါ်တွင် စက်တင်ဘာ ၇ ရက်က စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဘရာဇီးသမ္မတဟောင်း ဘော်ဆိုနာရိုက ဆိုင်းငံ့မိန့်ထုတ်ပြန်ခဲ့သည့် တရားသူကြီးကို ပြစ်တင်ဝေဖန်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန်လိုအပ်ကြောင်း ပြောကြားသည်။

**ပြောကြား**

လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်ခြင်းသည် ဆင်ဆာဖြတ်တောက်ခြင်းကဲ့သို့ဖြစ်ပြီး ယင်းသို့ တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X” အသုံးပြုခွင့်ကို ဆိုင်းငံ့ခြင်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအန္တရာယ်များကို တရားရုံးချုပ်က ထည့်သွင်းစဉ်းစားခြင်းမရှိကြောင်း ဆန္ဒထုတ် ဖော်သူများက ပြောကြားသည်။

မကြာသေးမီက ကောက်ခံခဲ့သည့် သဘောထားစစ်တမ်းတစ်ခုအရ နိုင်ငံအတွင်း၌ တွစ်တာဟု လူသိများသော ဆိုရှယ်မီဒီယာ “X”အသုံးပြုခွင့်ကို ထောက်ခံသူ ၅၀ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆန့်ကျင်သူ ၄၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




## အီရတ်နိုင်ငံသို့ စေလွှတ်ထားသော အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းမည်

**ဘဂ္ဂဒက် စက်တင်ဘာ ၈**

အစ္စလာမ္မစ် စစ်သွေးကြွများကို ချေမှုန်းရန် အီရတ်နိုင်ငံသို့ စေလွှတ်ထားသော အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန်နှင့် အီရတ် အစိုးရတို့သည် သဘောတူညီခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ရာနှင့်ချီသော တပ်ဖွဲ့ဝင်များကို ဆုတ်ခွာပေးမည်ဖြစ်ပြီး ကျန်ရှိသောတပ်ဖွဲ့ဝင်များကို ၂၀၂၆ နှစ်ကုန်ပိုင်းတွင် ပြန်လည်ဆုတ်ခွာမည်ဖြစ်ကြောင်း သိရသည်။

ညွန့်ပေါင်းတပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းရန်အတွက် ၂၀၁၄ ခုနှစ်ကတည်းက အီရတ်နိုင်ငံ၌ တပ်စွဲထားသည်။ စစ်သွေးကြွအဖွဲ့များ ထိန်းချုပ်ထားသည့် နယ်မြေများကို ရှင်းလင်းရေးလုပ်ဆောင်ပြီးသည့်တိုင် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၌ ဆက်လက်တပ်ဆွဲထားသည်။

ဝါရှင်တန်နှင့် ဘဂ္ဂဒက်တို့သည် တပ်ဖွဲ့များ အပြီးသတ်ဆုတ်ခွာရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

မကြာသေးမီနှစ်များအတွင်း အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားရှိမှုသည် အီရန်နှင့် အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွများကို ဟန့်တားပေးနိုင်ခဲ့သည်။

ညွန့်ပေါင်းအဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာမှုသည် ဒေသတွင်း အခြေအနေကို မည်သို့သက်ရောက်မှုရှိစေမည်လဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း လေ့လာသုံးသပ်သူအချို့က ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌
## ရာဂိတိုင်ဖွန်းမုန်တိုင်းကြောင့် ကိုးဦးသေဆုံးပြီး ၁၈၆ ဦး ဒဏ်ရာရရှိ

**ဟနွိုင်း စက်တင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းရာဂိကြောင့် ကိုးဦး သေဆုံးပြီး ၁၈၆ ဦး ဒဏ်ရာရခဲ့ကြောင်း နိုင်ငံ၏စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း အင်အားအပြင်းဆုံး မုန်တိုင်းဖြစ်ပြီး သေဆုံးသူများတွင် ကမ်းရိုးတန်းပြည်နယ် ကွမ်နင်ပြည်နယ်မှ သုံးဦး၊ မြောက်ပိုင်းခရိုင် ဟိုင်ဒွန်ဒေသမှ တစ်ဦး၊ ဟိုင်ဖွန် ဆိပ်ကမ်းမြို့မှ တစ်ဦး၊ ဟောဘင်ဒေသမှ လေးဦးဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရသူများထဲတွင် ကွမ်နင်ပြည်နယ်မှ ၁၅၇ ဦး၊ ဟိုင်ဖွန်ဒေသမှ ၁၃ ဦး၊ ဟန္နိုင်းမှ ၁၀ ဦး၊ ဟိုင်ဒွန်မှ ငါးဦး၊ ဟောဘင်ဒေသမှ တစ်ဦးအသီးသီး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် အိမ်ခြေ ၃၃၀၀ နီးပါး၊ စပါးနှင့် အခြားသီးနှံစိုက်ဧက ၁၂၁၅၀၀၊ သီးပင်စိုက်ဧက ၅၀၀၀ ကျော်နှင့် မြောက်ပိုင်းဒေသတွင် ငါးသားဖောက် လှောင်အိမ် ၁၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှု၊ မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ယခုနှစ် အစောပိုင်းမှစတင်ကာ ဩဂုတ် ၅ ရက်အထိ လူ ၁၁၁ ဦး သေဆုံးခဲ့ပြီး ငါးနှစ်အတွင်း သေဆုံးမှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၀၀ နီးပါးရှိ

**ဒါကာ စက်တင်ဘာ ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေသည် စက်တင်ဘာ ၇ ရက်အထိ ကာလအတွင်း သေဆုံးသူ ၁၀၀ နီးပါးရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက စက်တင်ဘာ ၈ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် နောက်ထပ်သေဆုံးသူ သုံးဦးကို ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ယခုနှစ်ဇန်နဝါရီမှစတင်ကာ နိုင်ငံအတွင်း သေဆုံးသူ စုစုပေါင်း ၉၅ ဦးအထိ ရှိခဲ့သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့မှုတွင် စက်တင်ဘာလတွင် ၁၂ ဦး၊ ဩဂုတ်လတွင် ၂၇ ဦး၊ ဇူလိုင်လတွင် ၁၂ ဦးနှင့် ဇွန်လတွင် ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူပေါင်း ၆၅၂၁ ဦး ရှိကြောင်း သိရသည်။ ထို့ပြင် စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၀၃ ဦးရှိကြောင်း တရားဝင်ကိန်းဂဏန်း အချက်အလက်များက ဖော်ပြထားသည်။

ဇွန်လမှ စက်တင်ဘာလအတွင်းဖြစ်သော မုတ်သုံရာသီကာလသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသည့်ရာသီဖြစ်ပြီး ခြင်မှ ကူးစက်သောရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသောနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အပူပိုင်းဒေသတွင် ခြင်မှပေါက်ဖွားသော ရောဂါဖြစ်ပြီး ရောဂါလက္ခဏာများတွင် အဖျားကြီးခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်များ နာကျင်ခြင်းနှင့် အရေပြားတွင် အဖုအပိမ့်ထွက်ခြင်း လက္ခဏာများ ပါဝင်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



## ဘိုလီးဗီးယားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့်
## အရေးပေါ် အခြေအနေကြေညာ

**လာပက်ဇ် စက်တင်ဘာ ၈**

ဘိုလီးဗီးယားအစိုးရကနိုင်ငံတစ်ဝန်း၌ တောမီးလောင်ကျွမ်းမှုများကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ တောမီးလောင်ကျွမ်းမှုကြောင့် ဟက်တာ ၃ ဒသမ ၈ သန်းကျော် ရှိခဲ့ကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် နည်းပညာဆိုင်ရာအကူအညီများပေးရန် နိုင်ငံတကာ မိတ်ဖက်များနှင့် ပိုမိုမြန်ဆန်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီး အီမန်ဒို နိုဗီလိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ မီးလောင်ကျွမ်းသည့်နေရာ ၇၂ နေရာရှိကြောင်း သိရသည်။

နိုင်ငံအရှေ့ဘက်ပိုင်းရှိ ဆန်တာခရစ်မြို့တွင် အဆိုးရွားဆုံးဖြစ်ပြီး အဓိက မီးလောင်ကျွမ်းသည့်နေရာ ၆၄ ခုရှိကြောင်း သိရသည်။ နိုရယ်ကမ်ပက်ဖ်မာကာဒို အမျိုးသားဥယျာဉ်နှင့် အဓိကဂေဟစနစ်များကိုပါ ခြိမ်းခြောက်လျက်ရှိသည်။

မီးလောင်ကျွမ်းမှုသည် နိုင်ငံအနှံ့အပြား၌ ဖြစ်ပွားလျက်ရှိသော်လည်း ၎င်းတို့ကို ထိန်းချုပ်နိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ရေးရာဝန်ကြီး အလန်လစ်ပါဂူရာက ပြောသည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရန်အတွက် ဘရာဇီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ ရောက်ရှိနေကြောင်း ဘိုလီးဗီးယားသမ္မတ လူးဝစ်အာစီက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကော့သောင်းမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**ကော့သောင်း စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မဥ္ဇူသကခန်းမတွင် ယနေ့နံနက်ပိုင်းက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ UNESCO မှ ပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကော့သောင်းခရိုင်မှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၅၀ အား ပေးအပ်လှူဒါန်းရာ ကော့သောင်းခရိုင် ပညာရေးမှူး ဒေါ်သန်းစိုးက လက်ခံသည်။ ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် (PNSP) Private School မှ ဆရာဦးမိုးဒီက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း ၃၀ အား တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ Video Clickအား ကြည့်ရှုခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲမှ ပြိုင်ပွဲဝင်ဆုရ စာမူများနှင့် အနုပညာလက်ရာများကို ကြည့်ရှုကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖိုလ်တထောင်မြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

**ဖိုလ်တထောင် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဖိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း ကျင်းပသောလူငယ်စကားဝိုင်းကို စက်တင်ဘာ ၆ ရက်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သစ္စာခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ဖိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ( ၂ ) ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပါဝင်ဆွေးနွေးပေးကြသော ကျောင်းသားများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ( ၂ )ဦးဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်မိုးကျော်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အထက (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးငွေးဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)



# လက်ပံတန်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်ကျော်လွင်၊ မြို့မစခန်းမှူး ဒုရဲမှူး ဇော်မိုးနိုင်နှင့် တပ်ဖွဲ့ဝင် ၃၀ တို့သည် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်း သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြရာ ဆရာဝန်ကြီး ဒေါက်တာ တင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

အောင်ဆင့်

# ကျောက်တံခါးမြို့နယ်၌ လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပဲခူး စက်တင်ဘာ ၈**

ပဲခူး တိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးပဒါးကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ဆူးပဒါးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်းလမ်းသည် အရှည်ပေ ၆၀၀၊ အကျယ် သုံးပေ၊ ထုခြောက်လက်မ ကွန်ကရစ်ဘီးလမ်း နှစ်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ဆိုလာစွမ်းအင်သုံး ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းတို့ကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၁ သိန်း ခုနစ်သောင်း စုစုပေါင်းငွေကျပ် ၁၈၁ သိန်း ခုနစ်သောင်းဖြင့် ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

၂၂၂



# မိုးညိုမြို့နယ်၌ မြစိမ်းရောင်ဖွံ့ဖြိုးရေး(ငါးကဏ္ဍ) စီမံကိန်းကျေးရွာ၏ ချေးငွေပြန်လည်ထုတ်ချေး

**မိုးညို စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြေဇာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းကျေးရွာ၏ တတိယသက်တမ်း ပထမအကြိမ်ချေးငွေ ပြန်လည်ထုတ်ချေးခြင်း အခမ်းအနားပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဒေါ်မျိုးမျိုးသော်က မြစိမ်းရောင်ချေးငွေ ထုတ်ချေးပေးရခြင်းအကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက မြေဇာကျေးရွာနေ ပြည်သူများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၄၀ နှင့် မွေးမြူရေးလုပ်ကိုင်သူ ၅၄ ဦး စုစုပေါင်း ၁၉၄ ဦး အတွက် ချေးငွေကျပ် ၅၅၇၈၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ဟသ္သာတမြို့နယ်၌ သန့်ခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

**ဟသ္သာတ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ္သာတမြို့နယ် ဦးစီးဌာနမှူးရုံးမှကြီးမှူး၍ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သန်းခေါင်စာရင်းကောက်ယူရေး သိကောင်းစရာအချက်အလက်များ ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဟသ္သာတမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပြည်ထောင်စုခန်းမနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမတို့တွင် ကျင်းပခဲ့သည်။



အဆိုပါအသိပညာပေးဟောပြောပွဲတွင်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုဦးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်ရုံးဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုကြိုဆိုပါသည်

ကိုယဉ်ချစ် (မန္တလေး)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ခရိုင်အလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ကျင်းပနေကြပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့ပါတယ်။ ပြိုင်ပွဲတွေကို ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကျင်းပခဲ့ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ်မှ ပြန်လည်ကျင်းပခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ကျင်းပမယ့် (၂၅) ကြိမ်မြောက် ပြိုင်ပွဲကြီးကိုတော့ ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲကြီးအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပတော့မှာဖြစ်ပါတယ်။




ယဉ်ကျေးမှုကို လူမျိုးတိုင်း အမြတ်တနိုးတန်ဖိုးထားကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သဘာဝသယံဇာတတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဘယ်လောက်ပင် ပြည့်စုံပေါကြွယ်ဝပါစေ မိမိတို့ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းမထားနိုင်ရင် ယဉ်ကျေးမှုနဲ့အတူ လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ ရိုးရာယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။ ဒါဟာ နိုင်ငံသားတိုင်းရဲ့ အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်တွေ ဖြစ်ပါတယ်။

ယဉ်ကျေးမှုဆိုတာ ဆင်ယင်ထုံးဖွဲ့မှုတွေ၊ ဘုရားမတင် နတ်မဝင် လူတွင် ၁၀ ပွင့်ပန်းဆိုတဲ့ ပန်းတမော့၊ ပန်းတော့၊ ပန်းရန်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းချီ၊ ပန်းထိမ် စတဲ့ အနုပညာလက်ရာတွေ၊ အဆို၊ အက၊ အတီး၊ အမှုတ်သုခုမပညာရပ်တွေ၊ အတွေးအခေါ် အရေးအသား အမြော်အမြင် စတဲ့ စာပေရေးရာတွေ၊ ရိုးရာဓလေ့ထုံးစံတွေ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုနဲ့ လူနေမှုစနစ်တွေ ဖြစ်ပါတယ်။ စာပေ၊ ပန်းချီ၊ ပန်းပု၊ ဆင်ယင်ထုံးဖွဲ့မှုတွေဟာ အနုပညာဖြစ်ကြပြီး အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တွေဟာ သုခုမပညာရပ်တွေဆိုပြီး ယဉ်ကျေးမှုသုတေသီတွေက သတ်မှတ်ထားကြတယ်လို့ မှတ်သားရပါတယ်။

### ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာတွေ

ကမ္ဘာ့နိုင်ငံအသီးသီးက လူမျိုးတိုင်းမှာ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာတွေ ရှိကြပါတယ်။ မြန်မာတွေမှာလည်း ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ မြန်မာ့မှု၊ မြန်မာ့ဟန်တွေကို ရှေးမြန်မာဘိုးဘွားတွေ အစဉ်အဆက်ကတည်းက ဖန်တီးပုံဖော်တည်ဆောက်ခဲ့ကြပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကို နှစ်ပေါင်းထောင်နဲ့ချီပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါတယ်။

အနုပညာလို့ ခေါ်ဆိုအပ်တဲ့ အတတ်မျိုး ၆၄ ရပ်မှာ နစ္စဆိုတဲ့ အကမျိုးစုံအတတ်၊ ဝါဒနဆိုတဲ့ တီးမှုတ်မျိုးစုံအတတ်၊ ဗျူဟာစရနာဒိပရဏာဆိုတဲ့ အတီးအမှုတ်တို့တီးမှုတ်၍ စစ်ဆင်စစ်တက်ခြင်း အတတ်တွေပါဝင်ကြောင်းနဲ့ အဋ္ဌာရသသိပ္ပ ၁၈ ပါး (အတတ်) မှာ ဂန္ဓဗ္ဗာဆိုတဲ့ စောင်းညင်းစတဲ့ ကဗျာလင်္ကာအတတ်၊ ဣတိဟာသဆိုတဲ့ ရယ်ရွှင်ဖွယ်အတတ် (ရှေးစကားဟောင်းအတတ်) တွေ ပါဝင်တယ်လို့ မှတ်သားဖူးပါတယ်။ မြန်မာတွေရဲ့ရိုးရာယဉ်ကျေးမှုတွေဟာ အင်မတန်ရှေးကျတဲ့ကာလတွေကတည်းက ရှင်သန်ထွန်းကားခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေနဲ့ ရပ်တည်နေပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတဲ့ စကားဟာ အင်မတန်လေးနက်ပြီး တန်ဖိုးရှိတဲ့ အဓိပ္ပာယ်တွေ ပါဝင်နေပါတယ်။ မြန်မာဆိုတာ နိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ ညီနောင်သားချင်း တိုင်းရင်းသားတွေကို ပေါင်းစုခေါ်ဆိုထားတာ ဖြစ်ပါတယ်။ ရိုးရာဆိုတာက မိဘအစဉ်အဆက် ကျင့်သုံးခဲ့တဲ့ အလေ့အထ၊ ယဉ်ကျေးမှုဆိုတာက သိမ်မွေ့ပြေပြစ်တဲ့ တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာတဲ့ လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာတဲ့ ဓလေ့ထုံးတမ်းတွေဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတာ သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်နေခဲ့ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနေတယ်ဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်။

ကမ္ဘာပေါ်မှာရှိကြတဲ့ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ယဉ်ကျေးမှုဆိုတာရှိကြပါတယ်။ တိုင်းရင်းသားတွေနဲ့ မြန်မာ့ယဉ်ကျေးမှုဆိုတာ ရှေးနှစ်ပေါင်းများစွာကတည်းက ခိုင်ခိုင်မာမာ တည်ရှိခဲ့တာဖြစ်ပြီး အစဉ်အဆက် လက်ဆင့်ကမ်းသယ်ဆောင်လာကြလို့ ယနေ့အထိ ကိုယ်ပိုင်ယဉ်ကျေးမှုတွေနဲ့ ကမ္ဘာပေါ်မှာ ထင်ထင်ရှားရှား ရပ်တည်နေတာဖြစ်ပါတယ်။

### ရိုးရာယဉ်ကျေးမှုတွေကို ပစ္စုပ္ပန်မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်း

ရိုးရာယဉ်ကျေးမှုတွေကို မိဘဘိုးဘွား အစဉ်အဆက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ပစ္စုပ္ပန် မျိုးဆက်သစ်တွေဆီကို လက်ဆင့်ကမ်းသယ်ဆောင်လွှဲပြောင်းပေးခဲ့ကြပါတယ်။ မျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်တွေကလည်း မိမိတို့လက်ထက်မှာ ရိုးရာယဉ်ကျေးမှုတွေမတိမ်ကော၊ မပျောက်ပျက်အောင် လက်ဆင့်ကမ်းသယ်ဆောင်ရင်း ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်။ မထိန်းသိမ်း၊ မစောင့်ရှောက်နိုင်ရင်တော့ ယဉ်ကျေးမှုတွေ မေးမှိန်ပျောက်ကွယ်သွားပြီး လူမျိုးနဲ့ နိုင်ငံတော်ပါ ပျောက်ကွယ်သွားနိုင်တဲ့ အန္တရာယ်ရှိတယ်ဆိုတာ သတိမူကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွေကို ကမ္ဘာတည်သရွေ့ တည်တံ့နေအောင် အစိုးရအဆက်ဆက်မှာ ဆောင်ရွက်ပေးနေပေမယ့် တစ်ဖက်က ရိုးရာယဉ်ကျေးမှု အစဉ်အလာတွေကို ရပ်တန့်သွားအောင်၊ မေးမှိန်ပျက်စီးသွားအောင်၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိယဉ်ကျေးမှုကို အထင်သေးစိတ်တွေ ဝင်ရောက်လာအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်လာနေပါတယ်။ မျက်မှောက် နည်းပညာခေတ်မှာ ခေတ်မီနည်းပညာတွေကို အသုံးချပြီး မသိမသာရော၊ သိသိသာသာပါ နှောင့်ယှက် ဖျက်ဆီးနေကြတယ်ဆိုတာကို အမျိုးသားရေးအမြင်နဲ့ မြင်အောင်ကြည့်ပြီး၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်နေကြရမှာ ဖြစ်ပါတယ်။

နှစ်ပေါင်းထောင်နဲ့ချီပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြတဲ့ မိမိတို့အမျိုးသားယဉ်ကျေးမှုတွေ မေးမှိန်ပျောက်ကွယ်သွားခဲ့ရင် နိုင်ငံနဲ့ လူမျိုးအပေါ် အထင်ကြီးလေးစားမှုတွေ လျော့နည်းလာမယ်။ အမျိုးသားရေးအားမာန်တွေ ခန်းခြောက်ကုန်မယ်။ ဒီအချက်တွေကို ကြိုတင်မြော်တွေးပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ မတူညီတဲ့ အချက်ကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတွေနဲ့ ရပ်တည်နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းနဲ့ တိုင်းရင်းသားတိုင်းက နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ်တွေနဲ့ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်တာကြောင့် အင်မတန်မွန်မြတ်တဲ့တာဝန်ကို ထမ်းဆောင်တာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သွေးစည်းညီညွတ်မှုကိုပါ တည်ဆောက်သွားကြရပါမယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်တွေ မြင့်မားနေအောင် ကြိုးပမ်းဆောင်ရွက်နေသူတွေဖြစ်ဖို့လိုပါတယ်။

> **“မိမိတို့နိုင်ငံဟာ အခြားနိုင်ငံတွေနဲ့ မတူညီတဲ့အချက်ကတော့ တိုင်းရင်းသားမျိုးနွယ်စုတွေ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတွေနဲ့ ရပ်တည်နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းနဲ့ တိုင်းရင်းသားတိုင်းက နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ်တွေနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်တာကြောင့် အင်မတန်မွန်မြတ်တဲ့တာဝန်ကို ထမ်းဆောင်တာ ဖြစ်တယ်လို့ဆိုနိုင်”**

### (၂၄)ကြိမ်မြောက် ပြိုင်ပွဲဝင်ဦးရေ ၂၃၀၆ ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့

မြန်မာတို့ရဲ့ ထူးခြားမြင့်မြတ်တဲ့ အစဉ်အလာတွေနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ ကမ္ဘာမှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးလို့ ဝင့်ကြွားစွာနဲ့ သိက္ခာရှိရှိရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိတွေ မြဲမြံစွာနဲ့ မြန်မာ့အမျိုးသားယဉ်ကျေးမှုတွေကို ဆက်လက်ထိန်းသိမ်းသွားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေကို နှစ်စဉ်မပျက် ဦးတည်ချက်တွေ ချမှတ်ပေးပြီး ကျင်းပပေးနေတာ ဖြစ်ပါတယ်။ ကိုဗစ်ကာလအပြီး ၂၀၂၂ ခုနှစ်မှာ ပြန်လည်ကျင်းပခဲ့တဲ့ (၂၃) ကြိမ်မြောက်ပြိုင်ပွဲကြီးမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက ပြိုင်ပွဲဝင်ဦးရေ ၁၈၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် ပြိုင်ပွဲကြီးမှာတော့ ပြိုင်ပွဲဝင်ဦးရေ ၂၃၀၆ ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ယခုနှစ် (၂၅)ကြိမ်မြောက် ပြိုင်ပွဲကြီးမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့် ပြိုင်ပွဲဝင်တွေ တစ်ခဲနက် ပါဝင်ယှဉ်ပြိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ငွေရတုအထိမ်းအမှတ် ပြိုင်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့်ပြိုင်ပွဲဝင်တွေဟာ ကိုယ်ယှဉ်ပြိုင်ကြမယ့် ဘာသာရပ်တွေကို ယှဉ်ပြိုင်အနိုင်ယူမယ်ဆိုတဲ့ ရည်မှန်းချက်ထားပြီး ကြိုတင်ပြင်ဆင်လာကြမယ်လို့ ယုံကြည်ပါတယ်။ ရွက်ပုန်းသီး ဝါသနာရှင်အဆင့်ကနေ အရည်အချင်းရှိတဲ့ ပညာရှင်အဆင့်တွေအထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ နည်းပြဆရာတွေအနေနဲ့လည်း မိမိတို့တပည့်တွေ ထူးချွန်စွာ အောင်ပွဲဆင်နိုင်အောင် ကြိုတင်သင်ကြားလေ့ကျင့်ပေးခဲ့မယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်။

သက်ဆိုင်ရာဒေသအသီးသီးက အုပ်ချုပ်သူတွေ၊ နည်းပြပညာရှင်တွေ၊ ပြိုင်ပွဲဝင်တွေအနေနဲ့ မျိုးချစ်စိတ်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းလိုတဲ့စိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးလုပ်ငန်းစဉ်တွေကို ပါဝင်ဆောင်ရွက်နေတယ်ဆိုတဲ့ မြင့်မြတ်တဲ့ အမျိုးသားရေးစိတ်တွေကို အခြေခံပြီး အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ တစ်ဖက်မှာလည်း လူငယ်တွေကို ဗလငါးတန်နဲ့ပြည့်စုံတဲ့ သားကောင်း၊ သမီးကောင်း ရတနာတွေအဖြစ် ပြုစုပျိုးထောင်ပေးနေပါတယ်။ လူငယ်တွေကို ဗလငါးတန်နဲ့ပြည့်စုံအောင် ပြုစုပျိုးထောင်ရာမှာ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာတွေကိုအခြေခံတဲ့ အနုသုခုမပညာရပ်တွေဟာ အခြေခံကျတဲ့အခန်းကဏ္ဍမှာ တည်ရှိနေတာကိုလည်း သတိပြုမိပါတယ်။ **စာမျက်နှာ ၁၇ သို့** ❂

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၃၀-၈-၂၀၂၄ ရက်နေ့မှအဆက်)

လျှောက်လွှာစာရေးက လက်နိပ်စက်ဖြင့် ရိုက်ထားသဖြင့် စာလုံးများက သိပ်မပြတ်သားချင်။

သတို့သားအမည် . . .။

ကျွန်တော့်မျက်လုံးများ ပြူးသွား၏။

သတို့သမီးအမည် . . . မဖြူဖြူနိုင်။

ကျွန်တော် ဆတ်ခနဲ မော့ကြည့်လိုက်၏။ မျက်မောင်ကြုတ်ထားခြင်းသည် ပို၍စုသွားသည်။ ပေါ်ဦး၏ ရယ်ကျဲကျဲမျက်နှာကို တွေ့ရ၏။

"အဲဒါဘာလုပ်တာလဲ ပေါ်ဦး"

"အောက်ဆုံးကစာတန်းကို ဖတ်ကြည့်ပါဦး ထွန်းဝေ"

ကျွန်တော့်မျက်လုံးများ စာချုပ်၏အောက်ဘက်ဆီ ရောက်သွားသည်။ အထက်ပါလက်ထပ်စာချုပ်ကို ကမာရွတ်မြို့နယ် တရားရုံးရှေ့၌ (၁၈-၁၂-၇၃) နေ့တွင် အမည်ပါ သတို့သားနှင့် သတို့သမီးတို့ အသီးသီး လက်မှတ်ရေးထိုး သစ္စာပြုလက်ထပ်ကြပါသည်။

ထိုစာတန်း၏အပေါ်ဘက်တွင် လက်မှတ်နှစ်ခု။

တစ်ဖက်က မောင်ပေါ်ဦး၊ သူ့အောက်က သတို့သားလက်မှတ်။

ကျန်တစ်ဖက်က မဖြူဖြူနိုင်၊ သတို့သမီး လက်မှတ်ဆိုသော စာတန်းကို တွေ့ရ၏။

နေ့စွဲ၏ထူးခြားမှုကို ချက်ချင်းသတိထားမိသည်။

ကျောင်းပိတ်ရက်ထဲတုန်းကပါလား။

"ရှင်းပြီလား ထွန်းဝေ"

ကျွန်တော် သူတို့မျက်နှာများကို တစ်လှည့်စီ ကြည့်လိုက်သည်။

အားလုံး၏မျက်နှာက ပြုံးနေသည်။

ကျွန်တော့်မှာ သူတို့ကြားထဲ အရူးတစ်ယောက်လိုဖြစ်နေ၏။ အံ့ဩလွန်းသဖြင့် ဘာပြောရမှန်းမသိ။

ပေါ်ဦးက ရယ်၍ -

"ခင်လေးက ငါ့ညီမ ထွန်းဝေ၊ ရန်ကုန်က ငါ့အဒေါ် အိမ်ဆိုတာ ခင်လေးတို့ အမေအိမ်ပဲ။ မင်း ငါ့ကို တစ်ခါက မဖြူနဲ့ကိစ္စပြောတုန်းက ငါပြောခဲ့တဲ့ ငါ့မှာ တခြားကိစ္စရှိတယ်ဆိုတာ အဲဒီကိစ္စပဲ"

"ဒါဖြင့်"

စကားအဆုံးသတ်မိသော်လည်း မျက်နှာပေါ်တွင် ပြုံးရိပ်တစ်ခုဝင်သွားမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။

"တို့အားလုံးပေါင်းပြီး မင်းစိတ်ကို စမ်းလိုက်ကြတာပဲ ထွန်းဝေ"

ကျွန်တော့်စိတ်ထဲ မကျေမနပ်ဖြစ်သွားသဖြင့် -

"ဟာကွာ . . . မင်းတို့လုပ်တာ မဟုတ်ဘူး၊ ငါ့ကို အရူးလုပ်တာ"

ပေါ်ဦးက ရယ်၍ -

"ဘာလဲ ထွန်းဝေ၊ မကျေနပ်ဘူးလား။ မင်းက မဖြူကို တကယ်လက်ထပ်ရမှ ကျေနပ်မှာလား။ သူငယ်ချင်း ဒု-သ-န-သော နော်"

"ဟာ ... ငါ အဲဒါပြောတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာပြောတာလဲ ကိုထွန်းဝေ"

ခင်လေးကသဘောကျစွာလှမ်းမေးရင်းရယ်သည်။




"ဟော ... ဒီထဲမှာ ခင်လေးကလည်း ကောင်းကောင်းအိုက်တင်ကောင်းခဲ့တာပေါ့"

"အမယ် . . . အိုက်တင်ကောင်းတာ မဟုတ်ဘူး၊ တကယ်လုပ်ကြည့်နေတာ"

ကျွန်တော် သူ့စကားကို နားမလည်။

"ဘယ်လို ခင်လေး"

"သြော် . . . တကယ်လုပ်ကြည့်တာပါလို့၊ ခုအတိုင်းသာ ကိုထွန်းဝေ မလုပ်ရင် ခင်လေး ကိုထွန်းဝေကို စိတ်ကူးထဲတောင်မထည့်ဘူး"

ရင်ထဲမှ ဝမ်းသာမှုအဟုန်သည် ဆောင့်တက်လာ၏။

"ဟင် . . . ဒါဖြင့် ခုတော့ကော ခင်လေး"

ခင်လေးက တစ်ချက်ခစ်ရယ်၍ -

"စောစောကတည်းက ပြောသားပဲ။ မဖြူကို ကူညီရင် ခင်လေးလက်ခံပါမယ်လို့၊ ဒါပေမဲ့ ကိုထွန်းဝေ က မလိုချင်ဘူးဆိုတော့"

ကျွန်တော် ထိုင်နေရာမှ ဝုန်းခနဲထ၍ -

"ဟာ . . . ဒီလိုတော့ လိုချင်တာပေါ့ ခင်လေးရာ၊ ဘယ်ရမလဲ" အပျော်ကြောင့် လစ်သွားသောသတိဖြင့် သူ့ဆီပြေးသွားရန်ပြင်သည်။

"ဟိုး ...ဟိုး ဆရာ၊ ဒီမှာ သူ့အစ်ကိုတစ်ယောက်လုံး ဆရာ့ရှေ့မှာရှိနေပါတယ်အနေအထိုင်ဆင်ခြင်ပါ"

ပေါ်ဦးက အလန့်တကြား ထအော်၏။

"ဟော့ကောင် ယောက်ဖ၊ မင်းဘာမှ ဝင်မရှုပ်နဲ့"

"အို ..."

ခင်လေး ကပျာကယာ ခေါင်းငုံ့၏။

"ဟာ . . . ဟော့ကောင်"

ပေါ်ဦးက မျက်နှာရဲရဲဖြင့် လှမ်းအော်၏။

မဖြူက တခစ်ခစ်ရယ်၏။

"ကဲ . . . မှတ်ပြီလား"

ကျွန်တော် ကျေကျေနပ်နပ်ကြီးပြော၍ ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်သည်။

"သွားစမ်းပါ၊ ဘာမှန်းလဲမသိဘူး"

ခင်လေးသီမှ ချစ်စဖွယ်မျက်စောင်းနှင့်အတူ ကမ္ဘာပေါ်တွင် ချစ်စရာအကောင်းဆုံး အသံလေး

သူက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြ၏။ ရင်ထဲမှာ ငြိမ်းအေးသွားသည်။ တကယ်တော့ သည်အပြုံး သည်အမူအရာလေးများသည် ကျွန်တော့်ဘဝတွင် ဘယ်သောအခါမှ ပြန်လည်ရရှိတော့မည်မဟုတ်ဟု ကြေကွဲစွာ တွေးခဲ့ရသောအရာလေးများပင်။ သည် မက်မက်မောမော တောင့်တခဲ့ရသောအရာလေးများ ပျောက်သွားမည်ကို အရင်ကထက် ပိုစိုးရိမ်လာသည်

တစ်သံကြားလိုက်ရ၏။

အားလုံး၏ရယ်သံများ ဝိုင်းထဲတွင် ဝေဝေဆာဆာ ဖြစ်သွား၏။

စားပွဲခုံစောင်းကြီးကို ဟီး . . . ဟီး . . . ဆိုပြီး ကိုက်စားချင်စိတ်ပေါက်လာပြီ။ ဟေး . . .။

* * * *

(၇)

စိမ်းလန်းသော သစ်ရွက်များ၊ ပန်းပွင့်ရောင်စုံလေးများ၏အလှနှင့် ငြိမ်းချမ်းမှုကို ပြည့်ပြည့်ဝဝ ခံစားနေရသည်။

အနောင်းအဖွဲ့အတွင်းတွင် ရှိသော်လည်း လွတ်လပ်နေသော ငှက်ကလေးများ၏ တေးသံကို လုံးစေ့ပတ်စေ့ နားထောင်၍ရလာသည်။

"မင်းတို့ ဒီမှာ အေးအေးဆေးဆေး စကားပြောချင် ပြောနေကြဦးလေ။ တို့ ဟိုဘက်လျှောက်ကြည့်ကြဦးမယ်"

ပေါ်ဦး ထွက်လိုက်သောလမ်းကို မြင်သည်။ သို့သော် အမြင်အတိုင်းမဝင်၊ အလိုက်သင့်စွာထ၍-

"သွားလေ တို့ ဒီမှာပဲရှိနေမယ်"

ကျွန်တော်က သူ့ကိုအားနာ၍ ပြေပြေပြစ်ပြစ် ဝင်သော်လည်း သူ့ဇီဇာ ငြိမ်မနေ၊ ထလှုပ်၏။

"ဒီနားမှာတော့ ဟုတ်ပါတယ်။ ငါ့ညီမကို စိတ်ချလက်ချထားခဲ့လို့ ဖြစ်ပါ့မလားကွာ"

"အို . . . ကိုပေါ်ဦးကလည်း"

ခင်လေး မျက်နှာတွင် ပန်းရောင်သွေးလေးတစ်ခု ရုပ်တိုက်ပြေးသွားသည်။

"ကဲ . . . ပေါ်ဦး သွားတော့ကွာ၊ မင်း တောင်ပြော မြောက်ပြောတော့ လုပ်မသွားနဲ့"

ခင်လေးဘက်က ဝင်၍ရပ်ပေးသည်ကို ပေါ်ဦးက မကြည်မလင်ဟန်လုပ်၍ မဖြူကို လက်တို့ခေါ်သွား၏။

ကျွန်တော့်ရင်ထဲ တလှပ်လှပ်ခုန်လာသည်။

ခင်လေး၏ ငုံ့နေသောမျက်နှာသည်လည်း ပြန်မော့မလာတော့။

မနီးမဝေး သစ်ပင်ရိပ်တွင် ခုံတန်းလျားလေး တစ်ခုကို တွေ့သည်။

"ခင်လေး၊ ဟိုမှာ သွားထိုင်ရအောင်"

ခင်လေးက ကျွန်တော့်ကို မဝံ့တဝံ့ မျက်လွှာပင့်ကြည့်သည်။ ဘာမှတော့မပြော၊ ခြေလှမ်းများကို ထိုင်ခုံဆီ ဦးတည်၏။

သူက ခုံတစ်ဖက်စွန်းတွင် ဝင်ထိုင်သည်။ ကျွန်တော် သူ့နှင့်အနီးဆုံးတွင် ဝင်ထိုင်သည်။ သူ့ဆီမှ လေသံခပ်တိုးတိုးလေးပေါ်လာ၏။

"အို . . . ဟိုဘက်တိုးပါဦး"

"ဟင့်အင်း . . . မတိုးဘူး"

ဒေါသကင်းသော မျက်စောင်းလေးတစ်ခု ရောက်လာ၍ -

"တိုးပါ ကိုထွန်းဝေရယ်၊ လူတွေမြင်ရင် မကောင်းပါဘူး"

ကျွန်တော်ကရယ်၍ မသိမသာ ခွာပေးလိုက်ပြီး-

"လူတွေမြင်တော့ ဘာဖြစ်လဲခင်လေး၊ ခင်လေးနဲ့ ကျွန်တော်က အရင်လိုမှ မဟုတ်တော့တာ"

"အမယ် ... အရင်လိုပါပဲနော်"

သူက ပက်ခနဲပြန်ပြောလိုက်သော်လည်း အကြည့်က ကျွန်တော့်ထံမရောက်။ မျက်နှာမှာ အပြုံးစ ထင်သည်။

"ဘယ်လို . . . ကျွန်တော့်ကို အရမ်းချစ်တာပဲ၊ ဟုတ်လား ခင်လေး၊ ဝမ်းသာလိုက်တာဗျာ"

ချစ်စရာကောင်းသော မျက်နှာလေးကို တွေ့လိုက်ရသည်။ မျက်နှာကို တမင်လွှဲလိုက်ရင်း-

"သွားစမ်းပါ၊ ဘာမှန်းလဲမသိဘူး။ ဘာတွေလာပြောနေတာလဲ"

"ခင်လေး ချစ်သလို ကျွန်တော်လည်း ချစ်တာပါပဲ ခင်လေးရာ။ ကျွန်တော့်ကို စိတ်မချမဖြစ်ပါနဲ့။ တစ်သက်လုံး အိုအောင်မင်းအောင် သားတွေ သမီးတွေ တစ်ဒါဇင် . . ."

"ဟေး . . . ပေါက်ကရတွေ မပြောနဲ့ကွာ၊ ခင်လေး ရှက်တယ်"

သူ ကျွန်တော့်ပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်သည်။ ကျွန်တော့်ဘက်သို့ မျက်နှာလှည့်လာ၏။ ရှက်ပြုံးကို မြင်ရသည်။

ကျွန်တော့်ပါးစပ်ဆီ ရောက်လာသော သူ့လက်ကို ဖမ်းယူထားလိုက်ပြီး -

"ကဲ . . . ကျွန်တော် စကားအကောင်းပြောမယ်နော်၊ မနောက်တော့ဘူး။ ခင်လေး ကျွန်တော့်ကို မှန်မှန်ဖြေ"

သူက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြ၏။ ရင်ထဲမှာ ငြိမ်းအေးသွားသည်။ တကယ်တော့ သည်အပြုံး သည်အမူအရာလေးများသည် ကျွန်တော့်ဘဝတွင် ဘယ်သောအခါမှ ပြန်လည်ရရှိတော့မည်မဟုတ်ဟု ကြေကွဲစွာ တွေးခဲ့ရသောအရာလေးများပင်။ သည် မက်မက်မောမော တောင့်တခဲ့ရသောအရာလေးများ ပျောက်သွားမည်ကို အရင်ကထက် ပိုစိုးရိမ်လာသည်။

"ခင်လေး၊ ကျွန်တော့်ကို ချစ်တယ်နော်"

"အို . . ."

သူက ကပျာကယာ ခေါင်းငုံ့ပစ်သည်။

"ပြောပါ ခင်လေးရယ်၊ ကျွန်တော်လေ ခင်လေးကို သိပ်ချစ်ခဲ့ရပါတယ်။ သိပ်ချစ်သိပ်တမ်းတနေတဲ့ အချိန်မှာ ခင်လေးမေတ္တာကို ကျွန်တော် ဆုံးရှုံးပြီဆိုတာသိလိုက်ရတော့ကျွန်တော်ဘယ်လိုပြောရမှန်း မသိတဲ့ ခံစားမှုမျိုးနဲ့ ကြေကွဲဝမ်းနည်းခဲ့ရပါတယ်။ ခင်လေးနဲ့ ဝေးရပြီလို့ ခံစားရတဲ့အချိန်တိုင်းမှာ ကျွန်တော့်အတွက် လောကကြီးဟာ ဘာမှအဓိပ္ပာယ် မရှိသလိုဖြစ်သွားတယ်"

သူ့မျက်နှာ မသိမသာပြန်မော့သည်။ ကျွန်တော့်ကို မရဲတရဲကြည့်သည်။

"ခုတော့ကော"

သူ့အမေး၊ သူ့လေသံ၊ သူ့အမူအရာကို အလုံးစုံ ပြည့်ဝအောင် ကျွန်တော် ပြောမပြတတ်။ သို့သော် ကျွန်တော့်ရင်တစ်ခုလုံးကို ဆွဲလှုပ်ရှားပစ်နိုင်သော စွမ်းအင်အပြည့်ရှိသည်ကိုတော့ ကျွန်တော် သိလိုက်၏။ ကျွန်တော် ပြုံးလိုက်ပြီး -

"ခုတော့ သိန်းဆု ဆယ်ကုဋေလောက်ပေါက်တဲ့ သူထက်တောင် ဝမ်းသာရတာပေါ့ ခင်လေးရယ်။ ဒါပေမဲ့ အရေးအကြီးဆုံးတစ်ခု လိုနေသလိုပဲ"

သူ့မျက်လုံးများ ဝိုင်းစက်သွားသည်။ အံ့ဩမှုကို ချစ်စရာကောင်းအောင် ဖော်ပြနိုင်သော အတုမရှိသည့် အမူအရာလေး။ **(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

# မြစ်ကြီးနားမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား ကျင်းပ


**မြစ်ကြီးနား စက်တင်ဘာ ၈**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အခြေခံပညာလေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဝ.ထ.က.လ.သ" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားသည်။ ထို့နောက် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအောင်ဝင်းက ၂၀၂၄ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့လာသည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားပြီး ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်၏ စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုဗီဒီယို ကလစ်အား ဖွင့်လှစ်ပြသသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသားကျောင်းသူ ၁၈ ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အခမ်းအနားဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ခန်းမအတွင်း ဖွင့်လှစ်ပြသထားသည့်ပြခန်းငယ်အား ကျောင်းသားကျောင်းသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့က နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၈**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ည ၈ နာရီက ဗိုလ်တထောင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များသည် ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဘုရားဝင်း အတွင်း/ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်းခြင်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ကျော်စိုးဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၈ ရက်တွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၀/၆)အနီးရှိ စေတီတစ်ထောင်ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကြေးမုံ

**❍ MNL မှ**

တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ၆၂ မိနစ်တွင် ရှောဝတီယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ရန်နိုင်လင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ဂိုးရရှိရန် ကစားသမားများပြောင်းလဲပြီး တိုက်စစ်မြှင့်လာရာ ၈၄ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး ရင်တာရိုက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှောဝတီယူနိုက်တက် ဂိုးသမား ဟိန်းထက်စိုးက ရရှိသည်။

### ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရ

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် တန်းတက်အသင်းကို ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တောင်ပံတိုက်စစ်ကစားသမား ဥက္ကာနိုင်က ၃၊ ၃၇၊ ၆၉ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် ရန်ကျော်ထွေး၊ ၅၉ မိနစ်တွင် ဒေးဗစ်ထန်၊ ၆၂ မိနစ်တွင် လမင်းထွေးတို့က သွင်းယူသည်။ Dagon Port အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၅ မိနစ်တွင် စည်သူနိုင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ဥက္ကာနိုင်က ရရှိသည်။

ပွဲစဉ်(၉)နောက်ဆုံးနေ့ကို စက်တင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**✪ ကျောဖုံးမှ**

ရေမိုင် ၁၀၀ ခန့် ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၁၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

### မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၈ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

### နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ မုန်တိုင်းငယ်သည် မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိသပြည်နယ် မြောက်ပိုင်းကမ်းခြေ-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဒီဂါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**၈-၉-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**




### သတိပေးနှိုးဆော်ချက် အကြံပြုချက်

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## အင်္ဂလိပ်စာ — ဆရာ ဦးဆန်းဝေ

၂-၉-၂၀၂၄ ရက်နေ့မှအဆက်-

### UNIT (4) EMOTIONAL WELL-BEING

**I. Read the passage.**

**1. Definition of emotion**

Emotion (ပြင်းပြသော စိတ်ခံစားမှု) means a strong human feeling such as love, hatred, anger or fear. Emotions are parts of human nature that consists of a range of feeling, which have a considerable impact (အတော်များပြားသော အကျိုးသက်ရောက်မှု) on our lives. For example, people - family members, neighbours, friends and other acquaintances (အသိအကျွမ်း) - are mystically (ထူးခြားဆန်းကျယ်စွာ) connected by a feeling of friendship, kindness or love.

**2. Types of emotions**

Emotions can be classified (ခွဲခြားသတ်မှတ်) into two main types: positive and negative. Examples of positive emotions include delight, joy, sympathy, (ကရုဏာသက်၊ ညှာတာထောက်ထားမှု) empathy, (စာနာတတ်မှု) rapture, (နှစ်ထောင်းအားရဖြစ်မှု၊ ပီတိသောမနဿဖြစ်ခြင်း) trust and love, whereas negative emotions are feelings like anger, fear, anxiety, jealousy, grief, (ပူဆွေး) greed and hatred. It is only natural that our lives are **touched** (ထိတွေ့) by both positive and negative feelings.

**Posive emotions** - delight, joy, sympathy, empathy, rapture, trust and love

**Negative emotions** - anger, fear anxiety, jealousy, grief, greed and hatred

In order to have a proper understanding (ပိုမိုနားလည်မှုရှိစေရန်) of our emotions, let us now look at a few basic emotions that we experience in daily life.

*Joy is a feeling of great happiness that can be **induced** (ဆွဲဆောင်) by the simplest things like a kind word, a beautiful mountain view or an interesting shop window. (ဆိုင်တွေ၊ စတိုးတွေမှာ ခင်းကျင်းပြသထားတာတွေကို မဝယ်ဘဲ လျှောက်ကြည့်) This can be said to be the most positive emotion and a great motivator. Thus, we actively would like to repeat (ထပ်ခါထပ်ခါလုပ်) the activities that bring us joy.

စာပိုဒ်ရဲ့အနှစ်ချုပ်

emotion ရဲ့အဓိပ္ပါယ်သတ်မှတ်ချက်များကို ရှင်းလင်းပြဆိုမှုဖြစ်တယ်။ လူ့ခံစားချက်ဆိုတာပြောလိုရင်းဖြစ်ပြီး၊ emotion ရဲ့ အမျိုးအစားတွေ ခွဲခြားရှင်းလင်းထားခြင်းပင် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများ စွဲမြဲစွာ မှတ်သားရန် တွဲသုံးလေ့ရှိသော အသုံးအနှုန်းများ-

| | |
|---|---|
| consist of | ပါဝင်ဖွဲ့စည်း |
| impact on | .......... အပေါ် အကျိုးသက်ရောက် |
| classified into | .......... ခွဲခြားသတ်မှတ် |
| whereas | မတူသောအကြောင်းအရာတို့ကို နှိုင်းယှဉ်ရာတွင် သုံးသော စကားဆက် |
| in oder to (verb) | .......... စေရန်အလို့ငှာ |

**Exercises**

**(A). Write the appropriate word or words to complete each sentence.**

1. A powerful human emotions are ..........
2. Consisting of a variety of feelings, emotions are aspects of our ..........
3. Emotions significantly affect how ..........
4. A sense of love, kindness or friendship .......... friends, neighbors, family members, and other acquaintances.
5. .......... can be divided into two categories.
6. .......... include sentiments like rage, fear, anxiety, jealously, sadness, greed, and hatred.
7. Good .......... include delight, joy, sympathy, empathy, rapture, trust, and love.
8. It is only normal for both happy and negative emotions to have an impact on ..........
9. Some basic emotions of daily life are ..........
10. We actively want to repeat the things that make us ..........

**(B) Answer the questions in one complete sentence.**

1. What is the definition of emotion?
2. How can emotions be classified?
3. What are positive and negative emotions?
4. How do emotions impact our relationships with family members, neighbors, friends, and other acquaintances?
5. List some examples of positive emotions.
6. hat are some examples of negative emotions?
7. Why is it natural for our lives to be touched by both positive and negative feelings?
8. What is joy and how can it be induced?
9. Why is joy considered a great motivator?

**Answer keys**

**I. (A).**

1. love, hatred, anger and fear. 2. nature 3. we live
4. mystically connects 5. Emotions 6. Bad emtions
7. emotions 8. our life
9. joy, sympathym empathy etc.
10. happy or joyful

**I (B).**


1. The definition of emotion is a strong human feeling.
2. Emotions can be classified into two main types.
3. Positive emotions are delight, joy, sympathy, empathy, rapture, trust, and love, and negative emotions are anger, fear, anxiety, jealousy, grief, greed, and hatred.
4. Emotions impact our relationships with family members, neighbors, friends, and other acquaintances, through feelings of friendship, kindness, or love.
5. Examples of positive emotions are delight, joy, sympathy, empathy, rapture, trust, and love.
6. Examples of negative emotions are anger, fear, anxiety, jealousy, grief, greed, and hatred.
7. It is natural because both positive and negative emotions are part of the human experience and influence our lives in some ways.
8. Joy is a feeling of great happiness that can be induced by simple things like a kind word, a beautiful mountain view, or an interesting shop window.
9. Joy is considered a great motivator because it is a positive emotion that encourages us to repeat activities that bring us happiness.


## သင်္ချာ — ပါမောက္ခ ဒေါက်တာမီမီ(မန္တလေးတက္ကသိုလ်)

၂၆-၈-၂၀၂၄ ရက်နေ့မှအဆက်-

### CHAPTER 3
### Analytic Solid Geometry

**3.1 Coordinates of a Point in Space**




**Equations of $xy$-plane, $yz$-plane and $xz$-plane**

| *Planes* | *Equations* | *Coordinates* |
|---|---|---|
| $xy - plane$ | $z = 0$ | $(x, y, 0)$ |
| $yz - plane$ | $x = 0$ | $(0, y, z)$ |
| $xz - plane$ | $y = 0$ | $(x, 0, z)$ |

$p(x, y, z)$ သည် $xy - plane$ ပေါ်တွင်ရှိလျှင် $z = 0$ ဖြစ်သည်။

$p(x, y, z)$ သည် $yz - plane$ ပေါ်တွင်ရှိလျှင် $x = 0$ ဖြစ်သည်။

$p(x, y, z)$ သည် $xz - plane$ ပေါ်တွင်ရှိလျှင် $y = 0$ ဖြစ်သည်။

**Equations of Parallal Planes**

| *Planes* | *Equations* | *Coordinates* | Example | |
|---|---|---|---|---|
| | | | Equation | Coordinates |
| Parallal to $xy - plane$ | $z = c$ | $(x, y, c)$ | $z = 1$ | $(x, y, 1)$ |
| Parallal to $yz - plane$ | $x = a$ | $(a, y, z)$ | $x = 5$ | $(5, y, z)$ |
| Parallal to $xz - plane$ | $y = b$ | $(x, b, z)$ | $y = 2$ | $(x, 2, z)$ |

$xy - plane$ နှင့် ပြိုင်သော Plane ၏ equation $\Rightarrow z = c$

$yz - plane$ နှင့် ပြိုင်သော Plane ၏ equation $\Rightarrow x = a$

$xz - plane$ နှင့် ပြိုင်သော Plane ၏ equation $\Rightarrow y = b$

**Equations of Perpendicular lines**

| *Planes* | *Equations* | *Coordinates* |
|---|---|---|
| Perpendicular to $xy - plane$ | $x = a, \quad y = b$ | $(a, b, z)$ |
| Perpendicular to $yz - plane$ | $y = b, \quad z = c$ | $(x, b, c)$ |
| Perpendicular to $xz - plane$ | $x = a, \quad z = c$ | $(a, y, c)$ |

အမှတ် $(a, b, c)$ ကိုဖြတ်ပြီး $xy - plane$ ကိုထောင့်မှန်ကျသော lines equation $\Rightarrow x = a, \quad y = b$

အမှတ် $(a, b, c)$ ကိုဖြတ်ပြီး $yz - plane$ ကိုထောင့်မှန်ကျသော lines equation $\Rightarrow y = b, \quad z = c$

အမှတ် $(a, b, c)$ ကိုဖြတ်ပြီး $xz - plane$ ကိုထောင့်မှန်ကျသော lines equation $\Rightarrow x = a, \quad z = c$

## ရူပဗေဒ

ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

### CHAPTER (1) ROTATIONAL MOTION

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။ Section(A) အပိုင်းတွင် အမှတ်(၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀) ဖိုး ဖြေဆိုရသည်။

**Section(A) အမှတ် (၄၀)ဖိုး အပိုင်းတွင် Answer All Questions ဖြစ်သည်။**

မေးခွန်း No. (1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁)မှတ်တန် မေးခွန်း (၁၅) ပုဒ် ဖြေဆိုရပါမည်။ မေးခွန်း No.(3) သည် Multiple Choice များဖြစ်ပြီး ရွေးချယ်စရာ (၃) ခုမှ correct answer (၁) မျိုးတည်းကိုသာ ရွေးပေးရပါမည်။ (၁) မှတ်တန် (၁၅) ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

သို့ဖြစ်ပါ၍ Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အတွက် Text Book ထဲမှ Chapter တစ်ခုချင်းစီ၏ (၁)မှတ်တန် မေးခွန်းများကို ပြုစုရေးသား ဖော်ပြလိုက်ပါသည်။

**1. Are the following statements TRUE (or) FALSE?**

(1) In a circular motion, the object just moves in a circle.

(2) In rotational motion, the object rotates about an axis.

(3) A rigid body is a body that does not deform or change shape.

(4) If a rigid body is in rotational motion, all the particles constituting it undergo circular motion about common axis.

(5) In a uniform circular motion, an object is moving in a circle at constant speed.

(6) In a nonuniform circular motion, an object is moving in a circular path with varying speed.

(7) In uniform circular motion, the magnitude of the velocity remains constant but the direction of the velocity continuously changes as the object moves around the circle.

(8) The centripetal acceleration is directed along the radius towards the centre of the circle.

(9) Angular velocity is the rate of rotation with respect to the angular speed.

(10) Angular velocity is the rate of rotation with respect to displacement.

(11) Angular velocity is the rate of change of angular displacement with respect to time.

(12) The tangential acceleration of a rotating object is a measure of how fast the tangential velocity changes.

**II. Fill in the blanks.**

(1) Artificial satellites going around the earth at constant height is a .......... motion.

(2) The motion of the blades of a fan is a .......... motion.

(3) In a rigid body, the distance between any two particles within the body remains ..........

(4) If an object's angular velocity changes at a constant rate, then the angular acceleration is ..........

(5) In a rotational motion, the linear velocity is also called .......... velocity.

(6) The direction of tangential acceleration is always .......... to the circular path.

(7) The relation between the tangential acceleration and the angular acceleration is ..........

(8) The centripetal acceleration is .......... in both uniform and nonuniform circular motion.

(9) The centripetal acceleration is called .......... acceleration.

**III Choose the correct answer from the following.**

(1) The motion of a Ferris wheel in an amusement park is a .......... motion.

(A. circular, B. rotational, C. linear)

(2) The relation between arc length and angular displacement is ..........

(A. $S = r + \theta$, B. $S = r\theta$, C. $S = r/\theta$)

(3) The relation between linear velocity and angular velocity of a particle is ..........

(A. $v = r + \omega$ B. $v = r\omega$ C. $v = r/\omega$)

(4) 4. The direction of angular velocity is .......... to the plane of rotation.

(A. perpendicular, B. parallel, C. antiparallel)

(5) The centripetal acceleration and linear velocity are .......... to each other at every point in the path.

(A. perpendicular, B. parallel, C. antiparallel)

(6) The angular acceleration is equal to zero when ..........

A. there is no change in angular speed

B. there is no change in direction of the rotation

C. there is no change in angular velocity

**Answers**

| | | | |
|---|---|---|---|
| I. | (1) True | (2) True | (3) True |
| | (4) True | (5) True | (6) True |
| | (7) True | (8) True | (9) False |
| | (10) False | (11) True | (12) True |
| II. | (1) circular | (2) rotational | (3) constant |
| | (4) constant | (5) tangential | (6) tangent |
| | (7) $a_T = r\alpha$ | (8) present | (9) radial |
| III | (1) B | (2) B | (3) B |
| | (4) A | (5) A | (6) C |

## ဇီဝဗေဒ

တီချယ် Rachel (ရန်ကုန်တက္ကသိုလ်)

၂ - ၉ - ၂၀၂၄ ရက်နေ့မှအဆက်-

**Integrated fish farming** is a system of producing fish in combination with other agricultural or livestock farming operations centered on the fish pond. ပေါင်းစပ် ငါးမွေးမြူရေးဆိုတာ ငါးကန်ကိုဗဟိုပြုပြီး အခြားစိုက်ပျိုးရေးနဲ့မွေးမြူရေးတို့ကို ပေါင်းစပ်ကာ ငါးထုတ်လုပ်တဲ့ စနစ်တစ်ခုဖြစ်တယ်။

The farming sub-systems eg., fish, crop and livestock are linked to each other in such a way that the byproducts or wastes from one sub-system become the valuable inputs to another sub-system. ဆင့်ပွားမွေးမြူရေးစနစ်များ ဥပမာ။ ငါး၊ ကောက်ပဲသီးနှံနဲ့မွေးမြူရေးတို့ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိတာကြောင့် စနစ်ခွဲတစ်ခုမှအပိုထွက်ကုန်နဲ့ စွန့်ပစ်ပစ္စည်းတစ်ခုက အခြားစနစ်ခွဲတစ်ခုအတွက် တန်ဖိုးရှိတဲ့ သွင်းအားစုများ ဖြစ်လာစေပါတယ်။

***Enumerate the particular kinds of aquaculture. ဆိုတဲ့ မေးခွန်းလေးနဲ့ လေ့ကျင့်ပေါ့။**





Figure 1.13 Livestock animals
A. A herd of cows, B. Sheep, C. Goats,
D. Duroc pig, E. Poultry farm and F. Ducks

**Livestock (တိရစ္ဆာန်မွေးမြူရေး)**

The term **"Livestock"** refers to any domesticated, land-living animal that is raised to provide resources like meat, milk, eggs and feathers or to provide services like transportation or cultivation assistance. Livestock ဆိုတဲ့ အသုံးအနှုန်းက အသား၊ နို့၊ ဥနဲ့ ကြက်မွေး၊ ဘဲမွေးတို့လို အရင်းအမြစ်ရဖို့ ဒါမှမဟုတ် သယ်ယူပို့ဆောင်ရေးအတွက် ဒါမှမဟုတ် စိုက်ပျိုးရေးအတွက် အကူအညီတွေရယူနိုင်ဖို့ ယဉ်ပါးအောင် မွေးမြူထားတဲ့ ကုန်းနေသတ္တဝါတွေကို ဆိုလိုတယ်။

The most common livestock animals are cattle, sheep, goat, pig, horse, chicken, and duck. အများဆုံး မွေးမြူလေ့ရှိတဲ့ သတ္တဝါများမှာ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ မြင်း၊ ကြက်နဲ့ ဘဲတို့ ဖြစ်တယ်။

***How do you understand the term "aquaculture and livestock"? ဆိုပြီးတွဲ လေ့ကျင့်ကြပါ။**

**The economic value of livestock (မွေးမြူရေးလုပ်ငန်းရဲ့ စီးပွားရေးအရအရေးပါမှု)**

- **Meat:** Livestock can be raised for the production of a useful form of dietary protein and energy.
  **အသား** - မွေးမြူရေးလုပ်ငန်းကို အသားဓာတ်နဲ့ စွမ်းအင်ရရှိရန် မွေးမြူနိုင်တယ်။
- **Dairy production:** Livestock can be used as a source of milk, other dairy products, such as yogurt, cheese, butter.
  **နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်း** - ဒီမွေးမြူရေးလုပ်ငန်းကို ဒိန်ချဉ်၊ ဒိန်ခဲ၊ ထောပတ်စတဲ့ အခြားနို့ထွက်ပစ္စည်း၊ နို့ရရှိရန် လုပ်ငန်းအဖြစ် အသုံးပြုနိုင်တယ်။
- **Fibre:** Livestock produce a range of fibre or textiles. For example, sheep and goats produce wool and mohair.
  **အမျှင်** - ဒီမွေးမြူရေးကတော့ ချည်မျှင်နဲ့ အထည်အမျိုးမျိုးကို ထုတ်လုပ်တယ်။ ဥပမာအားဖြင့် သိုးနဲ့ဆိတ်မွေးနဲ့ မိုဟဲချည် (angora goat မှ ရရှိတဲ့ချည်မျှင်)
- **Fertilizer:** Manure can be spread on fields to increase crop yields.
  **ဓာတ်မြေဩဇာ** - အမှိုက်ဆွေးများကို သီးနှံအထွက်တိုးစေရန် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်တယ်။

Manure is also used to make plaster for malls and floors and can be used as a fuel for fires. တိရစ္ဆာန်မစင်များကိုလည်း နံရံများ၊ ကြမ်းပြင်များအတွက် သရိုးအချောကိုင်ရန်နဲ့မီးလောင်စာအဖြစ်အသုံးပြုကြတယ်။

The blood and bone of animals are also used as fertilizer. တိရစ္ဆာန်တို့ရဲ့ သွေးနဲ့အရိုးတို့ကိုလည်း မြေဩဇာအဖြစ် အသုံးပြုကြတယ်။

Grade-12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ



**ပဲခူး စက်တင်ဘာ ၈**

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်သည်။

**သီဆိုဖျော်ဖြေ**

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက"အနာဂတ်မြော်တွေး စဉ်ဆက်ပညာရေး" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသခဲ့ကာ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "စာမတတ်သူ တို့ဝိုင်းကူ" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---



# လင်းခေးမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း

**လင်းခေး စက်တင်ဘာ ၈**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သွေးလိုအပ်နေသူအား ယနေ့နံနက် ၁၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံတွင် သွေးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

လင်းခေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွေးအားနည်းပြီး အဖျားကြီးနေသော လင်းခေးမြို့(မြို့ဦး)ရပ်ကွက်နေ ဦးစိုင်းအုန်းညွှန့် အသက် ၇၇ နှစ်အား သွေးလိုအပ်ချက်အရ လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်သား နန်ချိုခမ်းက အိုသွေးအမျိုးအစား လှူဒါန်းနေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေမိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# တိုက်စစ်မှူးဟာလန်း မန်စီးတီးအသင်းမှာ အမှန်တကယ်ဆက်ရှိနေမှာလား



ငွေကြယ် ရေးသားသည်

မန်စီးတီးအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး ဟာလန်းဟာ အီတီဟက်ဒ်မှာ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တာကြောင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံထားရတာလည်း ဖြစ်ပါတယ်။

လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရတော့ နော်ဝေတိုက်စစ်မှူး ဟာလန်းအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ စာချုပ်သစ်တစ်ရပ် ထပ်တိုး ချုပ်ဆိုပြီး အသင်းမှာဆက်ရှိနေဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်သုံးပွဲမှာ သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်သုံးပွဲမှာ ဟက်ထရစ် နှစ်ကြိမ်အထိ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူးဟာလန်းအနေနဲ့ အစ်ဆွစ်အသင်း၊ ဝက်စ်ဟမ်းအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲမှာ ဟက်ထရစ် သွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ရာသီအစ ပွဲစဉ်သုံးပွဲမှာ သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေပြသနိုင်ခဲ့လို့ ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပြီး လက်ရှိကလပ်မန်စီးတီးအသင်းကလည်း စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်လာတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းရဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၇ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်စီးတီးအသင်းရဲ့ ထိပ်တန်းအဆင့်ရှိ ကစားသမားတွေထဲမှာ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းက တစ်ပတ်လုပ်ခလစာ ပေါင် ၄၂၅၀၀၀ ရရှိနေပြီး တိုက်စစ်မှူး ဟာလန်းကတော့ တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀ ရရှိနေတာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ စီစဉ်နေတယ်ဆိုပေမယ့် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို ဦးစားပေးကစားသမားအဖြစ် ခေါ်ယူထားပြီးဖြစ်တာကြောင့် နော်ဝေတိုက်စစ်မှူး ဟာလန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးစားပေးကစားသမားတော့ဖြစ်လာဖို့ ခက်ခဲနေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ၂၀၂၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၅၁ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဆီ ရောက်ရှိလာချိန်မှ ယနေ့အချိန်ထိ ပွဲစဉ်စုစုပေါင်း ၁၀၂ ပွဲမှာ သွင်းဂိုး ၉၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာကြောင့် ကာလတိုအတွင်း မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟာလန်းဟာ မန်စီးတီးအသင်းနဲ့အတူ ဘောလုံးရာသီနှစ်ရာသီ ဖြတ်သန်းပြီးချိန်မှာ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နဲ့ အက်ဖ်အေဖလား တစ်ကြိမ်တို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၂၇ ခုနှစ်နွေရာသီကာလမှာ မန်စီးတီးအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် တိုက်စစ်မှူး ဟာလန်းကို စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပြစ်မှတ်ထားနေချိန် မန်စီးတီးအသင်းကလည်း စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတာကြောင့် တိုက်စစ်မှူး ဟာလန်းအနေနဲ့ အသင်းသစ်ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့ စီစဉ်လာမလား ဒါမှမဟုတ် လက်ရှိကလပ် မန်စီးတီးအသင်းမှာပဲ ဆက်ရှိနေမလား ဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းနေပြီ ဖြစ်ပါတယ်။

## ဒီကလန်ရိုက်နဲ့ ဂရီယယ်လစ်ရှ်တို့ရဲ့သွင်းဂိုးတွေနဲ့ နေးရှင်းလိဂ်ပွဲစဉ်အဖွင့်လှခဲ့တဲ့ အင်္ဂလန်



အင်္ဂလန်အသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၇ ရက်ညပိုင်းက အိုင်ယာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ ဒီကလန်ရိုက်နဲ့ ဂရီယယ်လစ်ရှ်တို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့လို့ နေးရှင်းလိဂ်ပွဲစဉ်မှာ အဖွင့်လှခဲ့ပြီဖြစ်ပါတယ်။

အိုင်ယာလန်အသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ ဒီကလန်ရိုက်နဲ့ ၂၆ မိနစ်မှာ ဂျက်ဂရီယယ်လစ်ရှ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ယခု အိုင်ယာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ နေးရှင်းလိဂ်ပွဲစဉ်မတိုင်မီ လွန်ခဲ့သည့် ၅၅ ရက်က ယူရို ၂၀၂၄ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် စပိန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာတော့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီလိုရှုံးပွဲကြုံခဲ့လို့လည်း နည်းပြဆောက်ဂိတ်ဟာ အသင်းနည်းပြ အဖြစ်ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။

နည်းပြဆောက်ဂိတ်အနေနဲ့ အင်္ဂလန်အသင်းနဲ့ လမ်းခွဲသွားခဲ့ပြီးနောက် အသက် ၂၁ နှစ်အောက် အင်္ဂလန်အသင်းနည်းပြ ကာစလေဟာ ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့ပြီး နည်းပြကာစလေ လက်ထက်မှာ ပထမဆုံး နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ အာဆင်နယ်အသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိပြင်သစ်နောက်တန်းကစားသမား ဆာလီဘာအား စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ အသက် ၃၃ နှစ်အရွယ်ရှိ နယ်သာလန် နောက်တန်းကစားသမား ဗန်ဒိုက်ကို အန်ဖီးလ်မှာ ဆက်ရှိနေဖို့ စာချုပ်သစ်ချုပ်ဆိုရေး ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။
- နည်းပြမော်ရင်ဟိုရဲ့ ဖီနာဘာချီအသင်းဟာ ဘိုကာဂျူနီယာအသင်းရဲ့ အသက် ၂၂ နှစ်အရွယ်ရှိ အာဂျင်တီးနားကွင်းလယ်ကစားသမား မီဒီနာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက သဘောတူညီမှုရရှိထားတယ်လို့ သိရပါတယ်။
- အသက် ၃၀ အရွယ်ရှိခရိုအေးရှားကွင်းလယ်ကစားသမား ကိုဗာဆစ်ဟာ အနာဂတ်ကစားသမားဘဝကို မန်စီးတီးအသင်းနဲ့အတူ ကုန်ဆုံးဖို့ ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ အသင်းရဲ့အားထားရတဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ကတ်စမဲရိုးနဲ့ အဲရစ်ဆင်တို့နေရာမှာ အစားထိုး ကစားသမားတွေထပ်မံခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အန်ဖီးလ်မှာ ဆက်ရှိနေရေးအတွက် စာချုပ်သစ်တစ်ရပ် ထပ်တိုး ချုပ်ဆိုရန် ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

## ပီဂူလာကို အနိုင်ရပြီး အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တဲ့ ဆာဘာလန်ကာ




ဘီလာရုစ်တင်းနစ်မယ် ဆာဘာလန်ကာဟာ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာပီဂူလာကို အနိုင်ရရှိခဲ့တာကြောင့် အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

**တတိယအကြိမ်မြောက် ဆွတ်ခူး**

ဆာဘာလန်ကာဟာ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ ပီဂူလာကို ၇-၅၊ ၇-၅ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ ဇန်နဝါရီလအတွင်းက ဩစတြေးလျအိုးပင်းတင်းနစ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက် ဂရန်းဆလမ်းတင်းနစ် ဆုဖလားကို တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အမေရိကန်တင်းနစ်မယ် ပီဂူလာအနေနဲ့ကတော့ ဂရန်းဆလမ်းဆုဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားခဲ့ပေမယ့် ဆာဘာလန်ကာကို ရှုံးနိမ့်ခဲ့တာကြောင့် မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရတာလည်း ဖြစ်ပါတယ်။

# ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးရွာသွန်းခဲ့သည့်စခန်း ၃၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ပုံ (၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ

ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများ ပြပုံ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | ပူတာအို | ၆.၉ |
| ၄ | ဗန်းမော် | ၇.၀ |
| ၅ | ခန္တီး | ၆.၆ |
| ၆ | တောင်ကြီး | ၆.၆ |
| ၇ | မိုင်းဆတ် | ၆.၇ |
| ၈ | ကျိုင်းတုံ | ၆.၉ |
| ၉ | စစ်ကိုင်း | ၆.၇ |
| ၁၀ | ဟုမ္မလင်း | ၇.၆ |
| ၁၁ | ညောင်ဦး | ၇.၁ |
| ၁၂ | မုံရွာ | ၆.၉ |
| ၁၃ | ပျဉ်းမနား | ၇.၈ |
| ၁၄ | ပြင်ဦးလွင် | ၆.၆ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၆ | မှော်ဘီ | ၇.၀ |
| ၁၇ | မကွေး | ၆.၈ |
| ၁၈ | အောင်လံ | ၆.၉ |
| ၁၉ | စစ်တွေ | ၆.၆ |
| ၂၀ | ကျောက်ဖြူ | ၇.၀ |
| ၂၁ | ပြည် | ၇.၀ |
| ၂၂ | ပဲခူး | ၆.၇ |
| ၂၃ | တောင်ငူ | ၇.၀ |
| ၂၄ | ပုသိမ် | ၆.၈ |
| ၂၅ | မအူပင် | ၆.၉ |
| ၂၆ | ဟင်္သာတ | ၆.၇ |
| ၂၇ | မော်လမြိုင် | ၇.၀ |
| ၂၈ | ဘီးလင်း | ၆.၈ |
| ၂၉ | ဘားအံ | ၆.၆ |
| ၃၀ | ကော့ကရိတ် | ၆.၇ |
| ၃၁ | ထားဝယ် | ၆.၈ |
| ၃၂ | မြိတ် | ၆.၆ |
| ၃၃ | ကော့သောင်း | ၆.၉ |

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများ ပြပုံ

## ကျောက်တန်းမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ပွဲ ကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၈**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဝင် ကြံပင်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က ကြံပင်ကျေးရွာသို့ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးရခြင်း ရည်ရွယ်ချက်၊ စီမံကိန်းအကြောင်းအရာများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သန်လျင်ခရိုင် ဦးစီးမှူးနှင့် တက်ရောက်လာကြသည့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြံပင်ကျေးရွာ ကော်မတီဝင်များထံသို့ RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၂၂၂

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဖြူး စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး လမ်းမပေါ်တွင် သွားလာသူများ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသည်တင် မော်တော်ယာဉ်များအား ဖြန့်ဝေပေးခဲ့သည်။




**ဖြန့်ဝေ**

ထိုသို့ ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မြတ်ဗုဒ္ဓ၏ခြေတော်ရာစက် (၁၀၈)ကွက်တို့ကို လေ့လာခြင်း

ဒေါက်တာအရှင်သာမိန Ph.D (မွမ်တိုင်းတက္ကသိုလ်) အရဟံဖောင်ဒေးရှင်း ဦးဆောင်နာယကဆရာတော် ရေးသားသည့် မြတ်ဗုဒ္ဓ၏ခြေတော်ရာစက် (၁၀၈)ကွက်တို့ကို လေ့လာခြင်းစာအုပ် (ဒုတိယအကြိမ်) ထွက်ရှိလာသည်။




မြတ်ဗုဒ္ဓ၏ခြေတော်ရာစက် (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို သရုပ်နှင့်တကွ တွေ့ရှိရသည်မှာ အေဒီငါးရာစုနောက်ပိုင်း ရေးသားထားသည့် "အနာဂတဝံသ အဋ္ဌကထာ" ပင်ဖြစ်၏။ ၎င်းကိုနောင်ပွင့်မည့် အရိမေတ္တယျဘုရားလောင်း၏ ဗုဒ္ဓဝင်ဟု ပညာရှင်တို့ လက်ခံထားကြသည်။ ထို့ပြင် သင်္ချာမပါသော်ငြား (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ပြည့်စုံစွာတွေ့ရှိရသောကျမ်းစာမှာ အရှင်ဗုဒ္ဓရက္ခိတရေးသားသည့် "ဇိနာလင်္ကာရဋီကာ" ကျမ်းဖြစ်၏။ ဤကျမ်းသည် ဂေါတမဗုဒ္ဓ၏ ဗုဒ္ဓဝင်ဖြစ်၏။ ဤကျမ်းများမှာ သီဟိုဠ်ဖြစ်ကျမ်းများသာဖြစ်၏။ ထို့နောက် မြန်မာပြည်ဖြစ်ကျမ်းများမှာ ဇိနလက္ခဏာဒီပနီ၊ ဇိနာလင်္ကာရဒီပနီ စသည်တို့ဖြစ်၏။ ဤကျမ်းများမှာ ပါဠိဘာသာဖြင့် ရေးသားထားသော ကျမ်းများပင်ဖြစ်၏။ မြန်မာဘာသာဖြင့်ရေးသားထားသော စာပေများကို အများအပြားပင်တွေ့ရှိရလေသည်။


အဆိုပါ (၁၀၈)ကွက် စက်လက္ခဏာတော်များမှာ မြတ်ဗုဒ္ဓ ဖြစ်တော်ပေါင်းများမဟုတ်။ လောက၌ အမြတ်ဆုံးဟုယူဆရသော အရာဝတ္ထုမှန်သမျှတို့သည် မြတ်စွာဗုဒ္ဓလောင်းလျာ၏ ခြေဖဝါး၌ပင် ဦးခိုက်ခိုဝင် ပူဇော်နေကြခြင်းသာ ဖြစ်ပေသည်။

စာအုပ်ကို သီရိရတနာ ပိဋကတ်စာပေ၊ အမှတ်(၁၊ ၂၊ ၃)၊ (၅၂၊ ၅၄၊ ၆၅) ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ၊ အမှတ် (၂၃)၊ ဗဟန်း(၂) လမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၂၅၂၈၅ နှင့် ၀၉ ၇၇၇၉၃၈၈၀၈ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## အတိတ်ကာလမှ တိရစ္ဆာန်များ

ဦးတိုး(တက္ကသီလ) ဘာသာပြန်ရေးသားထားသည့် အတိတ်ကာလမှ တိရစ္ဆာန်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဒိုင်နိုဆောများ အဘယ်ကြောင့် ပျောက်ကွယ်သွားကြသနည်း ခေါင်းစဉ်ဖြင့် ဒိုင်နိုဆောများ ပျောက်ကွယ်သွားရခြင်း အကြောင်းရင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့်တစ်ကြောင်းပါဝင်သည်။ ဒိုင်နိုဆောများသည် သွေးအေးသတ္တဝါများဖြစ်ကြရာ ယင်းအတွက်ကြောင့်ပင် အေးသောရာသီပတ်ဝန်းကျင်၌ ၎င်းတို့၏ခန္ဓာကိုယ်ကို နွေးထွေးလာစေရန် နည်းလမ်းမရှိခဲ့ကြပေ။




အကယ်၍ ၎င်းတို့၏သားသမီးအကောင်ပေါက်လေးများကို ပိုမိုဂရုတစိုက် အလေးထားခဲ့ပါက ဒိုင်နိုဆောများသည် နှစ်ကာလ ပိုမိုကြာရှည်စွာ ကျန်ရှိနေပေမည်။ ယခုခေတ် တွားသွားသတ္တဝါများကဲ့သို့ပင် ယင်းတို့သည် ဥ ဥကြသည်။ ထိုသို့ ဥချခဲ့ပြီးနောက် ပစ်ထားခဲ့ကာ ထွက်သွားခဲ့ကြသည်။ သို့သော် အချို့ဒေသတွင် ရာသီဥတု ပိုမိုအေးမြလာသော အခါ ဥများသည် ယခင်ကကဲ့သို့ အကောင်ပေါက်မလာနိုင်တော့ပေ။

နောက်ပိုင်း၌ တချို့သောနို့တိုက်သတ္တဝါများနှင့် ဒိုင်နိုဆောများကိုယ်တိုင်သည်လည်း ဥကို စားသုံးရန် နှစ်သက်လာပုံရပေသည်။ တချို့ဥများကို စားပစ်ခြင်း သို့မဟုတ် အကောင်မပေါက်တော့ခြင်းတို့ကြောင့် ဒိုင်နိုဆောများသည် နည်းပါးလာရခြင်းဖြစ်ပေလိမ့်မည်။

စာအုပ်ကို ကိုလတ်စာပေ၊ အမှတ်-၂၂၀၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၈၃၉၀၄၂၁နှင့် ၀၉ ၂၆၅၀၂၀၀၆၈တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။


## I CAN DO IT ငါလုပ်နိုင်တယ်

အကြီးကိုကို (ကသာ)ရေးသားသည့် I CAN DO IT ငါလုပ်နိုင်တယ် စာအုပ် (ဒုတိယအကြိမ်)ထွက်ရှိလာသည်။

ငါလုပ်နိုင်တယ်ဆိုတာ ဘာကိုလုပ်နိုင်တာလဲဟုမေးလျှင် အရာရာကိုလုပ်နိုင်တယ်ဟု ဖြေပါမည်။ လောကကြီးသည် မိမိကြိုးစားလျှင် ကြိုးစားသလောက် ရနိုင်သည့်အခွင့်အရေးများ ပေးထားပြီးဖြစ်သည်။ မဖြစ် ဖြစ်အောင် ကြိုးစားယူဖို့က မိမိတို့၏တာဝန်သာ ဖြစ်သည်။

အောင်မြင်မှုဆိုသည့် အရာသည် မိမိတို့ဆီကိုလာရန် အကြောင်းမရှိ။ အောင်မြင်မှုရလိုသူကသာ အောင်မြင်မှုဆီကို သွားရမည် ဖြစ်သည်။ အောင်မြင်မှုဆီသွားရန် ခြေလှမ်းများကိုလည်း ယခုပင် စတင်ရန်လိုသည်။ အောင်မြင်ချင်လျှင် ဆင်ခြေမပေးဘဲ ချက်ချင်းစတင် လုပ်ကိုင်ရန်သာလိုသည်။

ပျင်းရိသူ၊ တွေဝေနေသူ၊ ရပ်တန့်နေသူများအတွက် အောင်မြင်မှုက နေရာမပေး။ မဆုတ်မနစ် ကြိုးစားနေသူများကိုသာ နေရာပေးလေ့ရှိသည်။ ပျင်းရိခြင်းသည် အောင်မြင်မှု၏ အကြီးမားဆုံးရန်သူဖြစ်သည်။ ပျင်းရိသူတို့သည် ဆင်းရဲမွဲတေမှုကို မလိုလားလျှင် မိမိ စိတ်သန္တာန်တွင် ကပ်ငြိနေသည့် ပျင်းရိခြင်းကို မောင်းထုတ်နိုင်ရန်လိုသည်။




စာအုပ်ကို အကြီးကိုကိုစာပေ၊ အမှတ် (၂၅၇)၊ အေးစေတီရပ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၉ ၂၄၀၁၆၃၉ နှင့် ၀၉ ၇၈၀၆၈၅၇၈၉ တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့်သောက်သုံး ရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန် အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင် ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ထ/က တိုးချဲ့(၃)၊ မြေကွက်အမှတ် (၃/၄၈၄)၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၃/၄၈၄) ဟု ခေါ်တွင်သော (၂၅x၅၀)ပေ ကျယ်ဝန်းသော ဦးသာရင် (LPN -၀၅၃၁၉၆) အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ (ခေါင်းရင်း)ဘက်ခြမ်း (၁၂.၅ x ၅၀)ပေ ကျယ်ဝန်းသော [(၃/၄၈၄ (က)]ဟုခေါ်တွင်သည့်မြေကွက်နှင့် ရေ၊ မီး အစုံပါ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကာ တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုသူ ဦးကျော်ကျော်လွင် [၁၂/ကမတ(နိုင်) ၀၁၄၇၀၁] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နွယ်နီဖြိုး [၁၁/စတန(နိုင်)၀၅၇၇၂၉] က အပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၀၃၅)**
**အမှတ်(၄၉၃)၊ အခန်း(၁)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph - 09-778034689**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်-၉၀၊ ဦးပိုင်အမှတ် ၃၅-ဃ/၁၆x၁၇ကြား၊ ၉၀x၉၁ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးသန်းဆောင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်ရှိန် /AE-၂၃၃၂၃ က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်တွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၃၉/မမ/CME | - 2V-250 Ah Wet Cell Battery(720)Nos<br>- 2V-300 Ah Wet Cell Battery(720)Nos<br>- 12V-65 Ah Rechargeable Sealed Lead Acid Battery (30) Nos ဝယ်ယူရန် |
| ၂ | ၂၄၀/မမ/ CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ပန်းလှိုင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်း (၁၀၄၅-ပေ) |
| ၃ | ၂၄၁/မမ/ CE | ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်း (၈၅၀-ပေ) |
| ၄ | ၂၄၂/မမ/ CE | ဟံသာဝတီ-လှည်းတန်း-ကမာရွတ်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်း (၆၅၀-ပေ) |
| ၅ | ၂၄၃/မမ/ CE | ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်း (၁၀၅၀-ပေ) |
| ၆ | ၂၄၄/မမ/ CE | သီရိမြိုင်ဘူတာနှင့် အုတ်ကျင်းဘူတာကြားတွင် အုတ်ခြံစည်းရိုး ကာရံခြင်း လုပ်ငန်း (၈၅၀-ပေ) |
| ၇ | ၂၄၅/မမ/ CE | သမိုင်း - သမိုင်းမြို့သစ် - ကြို့ကုန်းဘူတာကြားတွင် အုတ်ခြံစည်းရိုး ကာရံခြင်း လုပ်ငန်း (၈၅၀-ပေ) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၃ . ၉ . ၂၀၂၄ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၉ . ၉ . ၂၀၂၄) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း Grade -12မှ မချောစုဝေ၏ဖခင် အမည်မှန်မှာ ဦးမောင်စိုး [၈/မသန(နိုင်)၀၆၉၆၅၉] ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း Grade -12မှ မဝင်းသီရိ၏ ဖခင် အမည်မှန်မှာ ဦးခင်မောင်ဝင်း [၈/မသန(နိုင်)၀၃၈၄၇၆] ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း**

မိတ္တာမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 40 70 80 736

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc Forestry၊ (၄)နှစ်သင်တန်းသို့ တက်ရောက်သင်ကြားခွင့်ရရှိရန်အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကို ၈၀:၂၀ ဖြင့် လက်ခံမည်။ စုစုပေါင်း (၈၀)ဦး လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS- 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၀ မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်၊

(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ တောတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသူဖြစ်ရမည်၊

(ဃ) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ ပထမဝင်ခွင့် လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ် ဖြင့် (A-4 Size)စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ပထမနှစ် ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲ တင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

(ခ) ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

(ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း သို့မဟုတ် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)၊

(င) လိုင်စင်ဓာတ်ပုံ ၄ ပုံ။

၆။ လျှောက်လွှာကို စာပိုဒ်အမှတ် (၅) ပါ အထောက်အထားများနှင့်အတူ ၄-၁၀-၂၀၂၄ ရက် (သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာနခွဲ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁ (သို့မဟုတ်) Email လိပ်စာ ufes.registrar@gmail.com သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဖုန်း- ၀၆၇ ၃၄၁၆ ၆၈၁ (သို့မဟုတ်) ၀၆၇ ၃၄၁၆ ၅၁၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Website ဖြစ်သော **https:// www.monrec.gov.mm** တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လျှောက်လွှာသတ်မှတ်ပုံစံ**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)**

လိုင်စင်
ဓာတ်ပုံ
ကပ်ရန်

၁။ အမည် (အပြည့်အစုံ) ------------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
၃။ လူမျိုး -------------------- ၄။ ကိုးကွယ်သည့်ဘာသာ --------------------
၅။ မွေးသက္ကရာဇ် (တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် တောင်းခံစဉ်အတိုင်း)--------------------
၆။ အဖအမည်-------------------- အလုပ်အကိုင်/ ရာထူး/ ဌာန --------------------
နေရပ်လိပ်စာ -------------------- ဖုန်းနံပါတ် --------------------
အမိအမည်-------------------- အလုပ်အကိုင်/ ရာထူး/ ဌာန --------------------
နေရပ်လိပ်စာ -------------------- ဖုန်းနံပါတ် --------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် -------------------- ခုနှစ် --------------------
စာစစ်ဌာန ------------------------------
၈။ ဝင်ခွင့် လျှောက်ထားသူ၏ ဆက်သွယ်ရန် လိပ်စာ ------------------------------
------------------------------
ဖုန်းနံပါတ် -------------------- Email --------------------
၉။ **ဝန်ခံချက်**
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါကြောင်း တာဝန်ယူဝန်ခံချက် လက်မှတ် ရေးထိုးပါသည်။

**မိဘ/ အုပ်ထိန်းသူ** **ဝင်ခွင့်လျှောက်ထားသူ**

လက်မှတ် -------------------- လက်မှတ် --------------------
အမည် -------------------- အမည် --------------------
ရက်စွဲ -------------------- ရက်စွဲ --------------------

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်) ရပ်ကွက်၊ အနော်မာ (၁၇) လမ်းအနောက်၊ အမှတ် (၁၀၉/က) တိုက်၏ တတိယထပ် (၄)လွှာ (၁၈ပေ x ၅၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် မီတာ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးကြည်ပြာမင်း [၁၂/သကတ(နိုင်) ၁၇၈၂၄၀] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်တော် ဦးဇော်ထိုက်အောင် [၉/၀တန(နိုင်)၁၄၇၆၆၉]က စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထိုက်အောင် [၉/၀တန (နိုင်)၁၄၇၆၆၉]**
**ဖုန်း- ၀၉-၉၆၄၄၂၀၁၁၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၆၁၇)တွင်ဆောက်လုပ်ထားသော(၂) ခန်းတွဲ(၈)ထပ် တိုက်အဆောက်အဦ၏ တတိယထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း-အလျားxအနံ(၁၇ပေx၅၄ပေ)ရှိတိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မင်းထွန်း[၁၂/မရက(နိုင်)၁၀၅၂၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထက်အောင်ခန့်[၇/ရကန(နိုင်)၀၅၂၁၃၄]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မာဃ(၆)လမ်း၊ မြေကွက်အမှတ်(၆၆၂)တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ဒုတိယထပ် (ခြေရင်းခြမ်း)၊ အကျယ်အဝန်း-အလျားxအနံ(၁၂ပေ x၅၄ပေ)ရှိတိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်အေး[၁၂/ဥကတ(နိုင်) ၁၁၆၄၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သူဇာလှိုင်[၁၁/ကဖန(နိုင်)၀၃၇၃၁၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၆၁၇)တွင်ဆောက်လုပ်ထားသော(၂) ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်(ခြေရင်းခြမ်း)၊ အကျယ်အဝန်း-အလျားxအနံ(၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မင်းထွန်း[၁၂/မရက(နိုင်)၁၀၅၂၃၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေဖြိုး[၇/ရကန(နိုင်)၀၄၄၆၉၀]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင် (၂)လမ်း၊ အမှတ် (၃၉၇/ခ) ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၁)ခန်းတည်း (၆ထပ်) အဆောက်အဦ၏ ဒုတိယထပ်(၃)လွှာ၊ (အလျား၁၈ ပေ xအနံ ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီသီဝင်း [၁၂/သကတ (နိုင်)၁၄၈၉၇၀]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။** | **Ph:09420080932,09983837110** |

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)၊ တောင်ငူလမ်း၊ (၁၅)ရပ်ကွက်နေ အမိဒေါ်သန်းသန်းရီ [၁၂/လမန(နိုင်) ၀၄၁၁၁၁]၏သား မောင်သက်မောင်မောင် [၁၂/လသယ(နိုင်)၀၆၈၀၃၉] ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် မိဘများနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

